
www.dhammaransi.com

# မဃဒေဝလင်္ကာ

သပိုင်း

www.dhammaransi.com

ရေစက်ရှည်ဖို့



# မယ်ဒက်စေတီတော်

သမိုင်း

www.dhammaransi.com

ရေတာရှည်မြို့



မယ်ဒက်ဆရာတော်ဘုရားကြီး
ပုံတော်။

www.dhammaransi.com


ရေတာရှည်မြို့

မယ်ဒက်ဆရာတော်ဘုရားကြီး၏ အန္တေဝါသိက

အတွင်းနေ တပည့်ရင်း

ဦးပု စီစဉ်ရေးသားသော

# မယ်ဒက်ဇေတဝံတော်သမိုင်း



မူပိုင်ရှင်— ဦးပု။

☆ ☆

ဇေယျစာပုံနှိပ်စက်
ဈေးလမ်း နှင့် ကုန်သည်ကြီးလမ်းဒေါင့်
တောင်ငူမြို့။

www.dhammaransi.com

# မာတိကာ ။


| | | | |
|---|---|---|---|
| | အချီးနိဒါန်း | စာမျက်နှာနံပါတ် | ၅ |
| ၁။ | နရသီဟပတေ့ | ။ | ၇ |
| ၂။ | မယ်ဒက်နှင့် မယ်နဲ | ။ | ၇ |
| ၃။ | ဘားမဲ့ဆရာတော် | ။ | ၈ |
| ၄။ | သိုက်မိကျောင်းကြီး | ။ | ၁၁ |
| ၅။ | ရှင်သာမဏေကလေး | ။ | ၁၂ |
| ၆။ | ကျွန်အဖြစ်မှလွတ်ကင်းခြင်း | ။ | ၁၃ |
| ၇။ | မယ်ဒက် မယ်နဲ စေတီတော်များ | ။ | ၁၄ |
| ၈။ | ဥစ္စာစောင့် ညီအမ | ။ | ၁၆ |
| ၉။ | သာသနာပြုပုဂ္ဂိုလ်ကျော် | ။ | ၁၇ |
| ၁၀။ | မြန်မာနိုင်ငံတော်အရပ်ရပ်တို့တွင်-<br>ဗောဓိပင်များ စိုက်ပျိုးခြင်း | ။ | ၁၉ |
| ၁၁။ | ယူဆချက် | ။ | ၂၀ |


## နောက်ဆက်တွဲ


| | | | |
|---|---|---|---|
| ၁။ | မေတ္တာပို့ ပါဠိ အနက် | ။ | ၂၁ |
| ၂။ | နေ့စဉ် ကျင့်ဝတ် | ။ | ၂၆ |
| ၃။ | ရှေးရှုဟောင်းများ | ။ | ၂၇ |
| ၄။ | မော်တော်ကားလမ်း ဖေါက်လုပ်ခြင်း | ။ | ၂၈ |
| ၅။ | မယ်ဒက်"ကယ်"ဘုရား ဟုဖြစ်လာခြင်း | | ၂၈ |
| ၆။ | အောင်ချမ်းသာရွာတည်ပေးခြင်း | ။ | ၂၈ |
| ၇။ | အောင်ချမ်းသာဘုရားတည်ခြင်း | ။ | ၂၉ |
| ၈။ | မှတ်စုများ | ။ | ၂၉ |
| ၉။ | ညောင်ရေတော်သွန်းနည်း | ။ | ၃၀ |

www.dhammaransi.com

# အ ချီး နိ ဒါ န် း ။

သမိုင်း ဆိုသော စကားမှာ - ကျောင်း ကန် ဘုရား များ၏ အကြောင်းအရာများကိုဖြစ်စေ၊ မြို့,ရွာ,တိုင်းပြည်,လူမျိုး,ဘာသာ, စာပေ စသည်တို့၏အကြောင်းအရာများကိုဖြစ်စေ၊ ဖြစ်ပေါ်လာပုံ အစနှင့် ယခုမျက်မြင်အားဖြင့်တွေ့ကြုံနေရပုံတို့ကို ထင်ထင်ရှားရှား သိရှိမှတ်သား နိုင်လောက်အောင် ဖွဲ့ဆို သီကုံး ထားသော ပျို့-ကဗျာ လင်္ကာများ၊ စကားပြေ သက်သက်များ၊ ရေးသား စီကုံး ထုံးဖွဲ့သောကျမ်းစာများကို သမိုင်းဟု ခေါ်တွင်သည်ဟု လေ့လာ မှတ်သားဘူးပါသည်။

ပျို့ကဗျာလင်္ကာဖြင့် စပ်ထုံးဖွဲ့နွဲ့ထားသောသာဓကသမိုင်းမှာ ရှင်ပင် သက်တော်ရှည် သမိုင်းပင် ဖြစ်ပါသည်။ ထို သမိုင်းတွင် "မင်္ဂလာ ထုံးဆောင်၊ ကပ်လုံး ပြောင်စိမ့်၊ အခေါင် သာနှိုင်း၊ တပေါင်း လှိုင်း၍၊ တိုင်းမြန်မာပြည်၊ သမိုင်း ရှည်ဖြင့်၊ ငါးမည် အင်စုံ····" အစ ရှိသည်ဖြင့် လေးလုံးစပ် သမိုင်း စပ်ထုံးများ များစွာပင်ရှိလေသည်။

စကားပြေသမိုင်းများမှာ-ရွှေတိဂုံသမိုင်း၊ရွှေမောဓောသမိုင်း၊ ကျိုက်ထီးရိုးသမိုင်း၊ မန်းစက်တော်ရာသမိုင်း၊ မြတ်စောညီနောင် သမိုင်း၊ မဟာမုနိသမိုင်း အစရှိသည်ဖြင့် များစွာပင် ရှိရကား-အများပင်သိရှိကြပြီးဖြစ်၍ အထူးဘော်ပြရန်မလိုတော့ပေ။

၎င်းဘော်ပြပြီးသော သမိုင်းအမျိုးမျိုးတို့တွင် ယခုရေးသား တင်ပြမည့် သမိုင်းမှာ၊ တောင်ငူခရိုင် - ရေတာရှည် မြို့နယ် မယ်ဒက် ဘုရားကြီး၏ သိုက်သမိုင်းပင် ဖြစ်ပါတော့သည်။

www.dhammaransi.com



ထိုသိုက်သမိုင်းကို လေ့လာ မှတ်သားကြသူ တို့သည် ဤကား အမှား၊ ဤကား အမှန်၊ မိမိတို့၏အသိဥာဏ်ဖြင့် မှတ်သင့်သည်ကို မှတ်သား၍ ပယ်သင့် သည်ကို ပယ်ထားပြီး၊ ကွဲရှဲဘွယ် အပြစ် စကားများ မပြောကြားဘဲ မှန်ကန်သည်ထင်သော စာသွားများ ကိုသာ စွဲမြဲစွာ မှတ်သားကြပါရန် လေးနက်စွာ တောင်းပန် ပါသည့်အပြင်၊ မိမိတို့သည် ၎င်းမယ်ဒက်ဘုရားကြီး၏ အတ္ထုပ္ပတ္တိ မှတ်တမ်းများ သိရှိလေ့လာပြီးရှိကြပါကလည်း ကျွန်တော်အား ကူညီသော အနေနှင့် ပေးပို့ပါက ဝမ်းမြောက်စွာ လက်ခံပြီး နောက်ဆက်တွဲ အနေဖြင့် ဆက်လက်ပြီး ထုတ်ဝေမည် ဖြစ်ပါ ကြောင်း၊ ကြည့်ရှု လေ့လာ မှတ်သားသူ မိတ်အပေါင်း တို့အား အဘိယာစကစကားဖြင့် မှတ်သားကြည့်ရှုကြပါစေကုန်သတည်း။

ဤမယ်ဒက်ကယ်ဘုရားကြီး၏ သိုက်သမိုင်းနှင့်တကွ၊ မယ်ဒက် ကယ် ဆရာတော်ဘုရားကြီး၏ ကျင့်စဉ်လမ်း၊ ဗေဒင်ပင် စိုက်ပျိုး နည်း အရပ်ရပ် တို့ကို မယ်ဒက် ဆရာတော်ဘုရားကြီး၏ အန္တေ ဝါသိက အတွင်းနေ တပည့်ရင်းဖြစ်သူ ရေတာရှည်မြို့၊ ရွှေကြက် ယက် ရပ်နေ- ဦးပုသည်၊ ဆရာတော်ဘုရားကြီး ပုံလွန်တော်မမူမီ မိန့်ကြားတော်မူသော စကားများနှင့် ရှေးမှီ လူကြီးများ၏ ပေါ ရာဏစကား အရပ်ရပ်တို့ကို ရှာဖွေစုဆောင်းလျက် **မယ်ဒက်စေတီ တော်သမိုင်း** ဟု အမည်တင်စားလျက်၊ ဤမည်သော စာအုပ်ကို ရဟန်းရှင်လူ ပြည်သူပြည်သားလူအများတို့ ကြည့်ရှုမှတ်သားရန် ထုတ်ဝေဖြန့်ချီခြင်း ပြုရပေသတည်း။

ထိုသို့ထုတ်ဝေဖြန့်ချီရာတွင် ကာရန်ဝါကျချောမောပြေပြစ်ခြင်း ရှိအောင်ကူညီအားပေးတည်းဖြတ်ပြင်ဆင်ပေးသောပေါက်ချောင်း ရွာသူကြီး-ဦးဆင့်ကိုလည်း အထူးကျေးဇူးတင်လျက်ရှိပါကြောင်း။

☆ ☆ ☆

www.dhammaransi.com

# မယ်ဒက်စေတီတော် သမိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁။ နရသီဟပတေ့။

ဘုရင့်နောင်၏သားတော်- ဟံသာဝတီ ငါးဆူဒါယကာ လက်ထက်၊ လွန်ခဲ့သော နှစ်ပေါင်း သုံးရာကျော်ခန့်က စပြီး လောကီအရာတွင် တဘက်ကမ်းခပ် တတ်မြောက်လှ၍ နောင်သောအခါ **ဘားမဲ့ဆရာတော်** ဟု အမည် တွင် လတန့်သော ရှင် သာမဏေကလေးသည် အင်းဝမြို့တွင် ထင်ပေါ်ကျော်စောလျက်ရှိလေ၏။

ထိုသို့ဘားမဲ့ဆရာတော်အလောင်း ရှင်သာမဏေသည် အင်းဝမြို့တွင် ထင်ပေါ် ကျော်စောလျက် ရှိပြီး သက္ကရာဇ် ၉၁၃-ခုနှစ်၊ အင်းဝမြို့ သိုဟန်ဘွားလက်ထက်သို့ ရောက်သောအခါ နန်းတွင်းအရေး မကြည်အေးဘဲ ရှုပ်ထွေး လှု ့ဆော် အရေးတော်ပုံ ဖြစ်ပေါ်လာလေသည်။

## ၂။ မယ်ဒက် နှင့် မယ်နဲ့။

ဤသို့ အရေးတော်ပုံ ဖြစ်ပေါ်၍ လာသောအခါ မတရားမှုကို မနှစ်သက်သော **မင်းကြီးရန်နောင်** ၏ မင်းဆွေမင်းချိုးများ ဖြစ်ကြသော **မယ်ဒက်၊ မယ်နဲ့** နှင့် ၎င်းတို့၏မိခင်ကြီးတို့သည် လှူယုံတော်အခြွေအရံ အသင်းအပင်းတို့နှင့် တကွ အလုံးအရင်း ခေါ်ဆောင်ခြင်းပြုလျက် ကေတုမတီ ခေါ် တောင်ငူနယ်သို့ တိမ်းရှောင်ကာ လာခဲ့ကြရလေသည်။

www.dhammaransi.com



ထိုသို့ တိမ်းရှောင်လာရာတွင် ဝေဝေဆာဆာ ပွင့်ချပ်ဝါတို့သည် ပဒေသာတမျှ စည်ကားလှပြီး အခိုင်လိုက် အပွင့်လိုက် ပတ်ဝန်းကျင် တလျှောက် ပန်းပိတောက် တို့သည် စီတန်းခါ ပေါက်လျက်ရှိသည့် ရေတာရှည်ပိတောက်ကုန်းခေါ်တောရွာကြီး တရွာသို့ ရောက်ရှိကြလေသည်။

မယ်ဒက်- မယ်နဲ သားအမိတို့ ခြွေရံ သင်းပင်းနှင့် တကွ ရေတာရှည် ပိတောက်ကုန်းသို့ ရောက်ရှိပြီးနေထိုင်ကြရာ၊ မျှားမကြာမီ ချိန်အခါတွင် မိခင်ကြီးမှာ မကျန်းမာဘဲ နေသဖြင့် ကျေးရွာရှိ ဆေးဆရာများနှင့် စောင်မ ကြည့်ရှု ကုသ ပါသော်လည်း၊ သက်သာရာမရ ဘဝ အကြောင်းခံ အချိန်တန်ပြီ ဖြစ်သဖြင့် မိခင်ကြီး ဖြစ်သူမှာ မရဏာနိုင်ငံသို့ လိုက်ပါရရှာလေတော့သတည်း။

ထိုသို့ မိခင်ကြီးသေဆုံးသဖြင့် ယူကြုံးမရ ညီအစ်မနှစ်ယောက်တို့နှင့် ခြွေရံ သင်းပင်း တို့သည် အုံးအုံး ကြွက်ကြွက် ငိုကြွေး မြည်တန်းလျက် ရှိကြပြီး နေရုံနှင့် ကြာရှည်စွာ မနေနိုင်ကြဘဲ မိခင်၏ ရုပ်ကလာပ် သင်္ဂြိုဟ်ရန် ကိစ္စကို ပူမီးတွေ ဝန်းရံ ခလျက်နှင့် မျက်ရည်စ သိမ်းပြီး၊ ခနှ ကြေးငွေ မရှိလေသဖြင့် ရေတာရှည် ပိတောက်ကုန်းရွာသူကြီးထံ သွားရောက် ပြီးလျှင် ညီအစ်မ နှစ်ယောက်တို့သည် ကိုယ်နေကြေးပေးခါ သုံးပိဿာနှင့် ပေါင်နှံကြပြီးလျှင် မိခင်ကြီး၏ရုပ်ကလာပ်ကို သင်္ဂြိုဟ်ကြရှာလေသတည်း။

## ၃။ ဘားမဲ့ဆရာတော်။

၉၆၁-ခုနှစ်၊ ဘားမဲ့ဆရာတော်သည် ရှင်သာမဏေအဖြစ်နှင့် နေစဉ် သူရသတ္တိနှင့် ပြည့်စုံခြင်း ရှိသော တပည့်တယောက်နှင့် ဟံသာဝတီမြို့၏ အနောက် မြစ်ကမ်းနားသို့ လျှောက်သွားကြရာ၊ မိကျောင်းကြီးတကောင်သည် ကြေးနီပုရပိုက်ကို ကိုက်ယူလာရာ

www.dhammaransi.com



တွေ့မြင်သည့်အခါတွင် ဘားမဲ့ဆရာတော်က နောက်ပါ သူရသတ္တိ ရဲရင့်ခြင်းရှိသောတပည့်အား ပုရပိုက်ကိုလုယူရန် အမိန့်ပေးသော အခါ တပည့်ဖြစ်သူသည် သတ္တိရှိစွာနှင့် ဆရာ အမိန့်ပေးသည့် အတိုင်း မိကျောင်းကြီးထံမှ ပုရပိုက်ကို လုယူလေသည်။

ထိုသို့လုယူပြီး ကြေးနီ ပုရပိုက်ကို ဘားမဲ့ ဆရာတော်သို့ အပ် လိုက်သော အခါတွင် မိကျောင်းကြီး သည်လည်း ကွယ်ပျောက် သွားလေတော့၏။

ကြေးနီ ပုရပိုက်ကို ဘားမဲ့ဆရာတော်သည် သုံးနှစ် တိုင်တိုင် လေ့လာမှတ်သား ဆည်းပူးခြင်းအားဖြင့် တဘက်ကမ်းခပ် အင်း အိုင် ယတြာ ဆေးဝါး မန္တရား အတတ်များကို ပြီးစီး ကုန်မြင် အောင် တတ်မြောက်တော်မူလေသည်။

ဆရာတော်သည် ထိုသို့ အတတ်မျိုးစုံ ပညာအရပ်ရပ် တို့ကို တတ်မြောက် ပြီးနောက် တပည့် ဖြစ်သူ- သူရဲကောင်းအား ရှင် သာမဏေအဖြစ်သို့ချီးမြှင့်ပေးပြီးလျှင်၊ မိမိတတ်အပ်သောအတတ် ပညာများကို တပည့်ရှင်သာမဏေအား သင်ကြားပေးရာ တပည့် ရှင်သာမဏေမှာလည်း ဘားမဲ့ဆရာတော် ကဲ့သို့ပင် အတတ်မျိုး စုံစွာတတ်မြောက်၍လာပြီးလျှင် ဆရာတော်နှင့်အတူတကွ အင်းဝ မြို့တွင် သီတင်းသုံးနေထိုင်ကြလေသည်။ ထိုသို့သီတင်းသုံး နေထိုင် ကြရာ ရှင်သာမဏေမှာ သိုက်စာတခုကို တွေ့ရှိရလေသည်။

ငင်းသိုက်စာကိုကြည့်ရှုသောအခါ၊ ကေတုမတီခေါ် တောင်ငူ မြို့၏ မြောက်ဘက် ပေါင်းလောင်းမြစ်နှင့် ရေစီးရေဝင် ဆက်စပ် လျက်ရှိသောနေရာတွင် အိုင်ကြီးတအိုင် ရှိလေသည်။ ထိုအိုင်ကြီး အတွင်း၌ ရှေးနှစ်ပေါင်း များစွာက ရသေ့ ရှစ်သောင်း ဆရာ ကောင်းတို့သည် အထူးထူးသော အတတ်ပညာ တို့ဖြင့် ဖုတ်သက်

www.dhammaransi.com



သွင်းပြီး စီမံ ထားအပ်သော မိကျောင်းရုပ်ရှင်ကြီး တကောင်ရှိလေသည်။ ၎င်းရုပ်ရှင်ကြီးတွင် အဓိဋ္ဌာန်ပြီး ထားခဲ့သည်မှာ.... **(ထိုက်သူ အားလုံး စံ– မထိုက်သူများ ဘေးတွေ့ခြင်း ခံ)** ဟူသော-အဓိဋ္ဌာန်စာတမ်း ရေးထားခဲ့လေသည်။

၎င်း မိကျောင်းရုပ်ရှင်ကြီး၏ ပုံသဏ္ဍာန်မှာ၊ ဦးခေါင်းမှာ-ရွှေသားအတိပြီးသျက်၊ မျက်စိနှစ်လုံးမှာမူ ပြဒါးရှင်လုံး၊ ကိုယ်လုံးကား ငွေသားအတိ ဖြစ်သျက်၊ အူအသည်းတို့မှာ ကျောက်သံပတ္တမြားများ ဖြစ်ကြလေသည်။ ၎င်းမိကျောင်းကြီးရှိရာ အရပ်ကိုယခုတိုင်အောင် မိကျောင်းအိုင်ဟု ခေါ်ဝေါ်သမုတ်ကြလေသည်။ ၎င်းအိုင်ကြီး၏ အနီးအပါးတွင် တည်ထွင်ပြီး ရွာပြုလုပ် နေထိုင်ကြရာ၊ ယခုအခါ မိကျောင်းအိုင်ရွာဟု ထင်ပေါ် ကျော်ကြားပြီး ဒိုင်နယ် အဖြစ် အစိုးရမင်းများ အသိအမှတ် အထင်အရှား ပြုထားခြင်း ခံရလေသည်။

## ၄။ သိုက်မိကျောင်းကြီး။

မယ်ဒက် - မယ်နဲ့တို့ ညီအစ်မများ နေထိုင်ရာ ရေတာရှည်ပိတောက်ကုန်းနှင့် နှစ်မိုင်ခန့်ဝေးကွာသောအရပ်တွင် နားကြပ်ဟုအမည်တွင်သည့် ရွာကြီးတရွာ ရှိလေသည်။ ၎င်းရွာကြီးမှာ ရှေးအခါက ကရင်လူမျိုးများ နေထိုင်ရာဖြစ်သော တောင်တန်းဒေသများနှင့် နီးစပ်လျက်ရှိသည့် ရွာကြီးတရွာဖြစ်လေသည်။

၎င်းနားကြပ်ရွာကြီးမှ ကရင်အမျိုးသား (ငါ့မှတ်)ဆိုသူသည် မိကျောင်းအိုင်ကြီးတွင်ရှိသောမိကျောင်းကြီးမှာ ရွှေငွေကျောက်သံပတ္တမြားရှိသည်ဟူသော အကြောင်းကိုသိရှိသဖြင့် ၎င်းမိကျောင်းကြီးအား နိုင်နင်းအောင်ပြုလုပ်နိုင်သော သိုက်ဆရာများကို လိုက်

www.dhammaransi.com


လံ၍ ရှာဖွေလေသည်။ ထိုသို့ ရှာဖွေသောအခါ ခင်တန်းရွာတွင် (ငါ့ဖြူထွား) ဆိုသူ သိုက်ဆရာ တယောက်ကို တွေ့ရှိ လေသည်။ ငါ့ဖြူထွားနှင့် ကရင်ငါ့မှတ်တို့သည် မိကျောင်းကြီးရှိရာ မိကျောင်းအိုင်သို့သွားရောက်ကြပြီးလျှင် မိဒ်တိုတတ်အပ်သောအတတ်ပညာများနှင့် မိကျောင်းကြီးကို ခေါ်ယူသောအခါ၊ မိကျောင်းကြီးမှာ ပေါ်၍လာပြီး ငါ့ဖြူထွားနှင့် ကရင်ငါ့မှတ်တို့ကို ကြောက်ရွံ့ ထိတ်လန့်အောင် ပြုလုပ်လျက် လိပ်ပြာကို နှုတ်ယူပြီးထားသဖြင့် အယူတိမ်းခါ အစိမ်းဘဝသို့ ရောက်လျက် မိကျောင်းကြီးကို စောင့်ရှောက် နေထိုင်ကြရလေသည်။

ထိုသို့ စောင့်ရှောက် နေကြသောအခါ မိကျောင်းအိုင် အနီးအပါးသို့ လာရောက်သောသူများကို ထိတ်လန့် ကြောက်ရွံ့အောင် ပြုလုပ်လျက် သေကြေ ပျက်စီးစေသဖြင့် လူတရာလျှင် တရာ၊ တယောက်လျှင် တယောက် ဆိုသလို လန့်ဖြတ် သေကြေ ပျက်စီးသူများ များပြား လှသဖြင့် တနေ့တခြား သတင်း အနှံ့အပြားဖြစ်လျက်၊ မည်သူ တဦးတယောက်မျှ ၎င်းမိကျောင်းအိုင် အနီးအပါးသို့ လာရောက်ခြင်း မပြုရဲတော့ပေ။

ပိတောက်ကုန်း ရွာသူကြီးထံတွင် မိခင်အဘွက်နှင့် ကိုယ်နေကြေး သုံးပိဿာ ပေးဆက်ပြီး ကျွန် အဖြစ်နှင့် နေထိုင် ရသော-မယ်ဒက်၊ မယ်နဲ ညီအစ်မနှစ်ယောက်တို့မှာ နေ့စဉ်နှင့်အမျှ ဆန်ဖွတ်, မောင်းထောင်း, ရေခပ်ကြရပြီး ကျွဲ နွားများ ကျောင်းရလေသည်။ ထိုသို့ ကျွန်ဘဝအဖြစ်မျိုး ကုသိုလ်ကံ ဆိုးခိုက်မှာ မည်သို့ပင် ဝတ္တရား ကြေပြွန်အောင် ထမ်းရွက် ဆောင်သော်လည်း အလိုမကျ ကြိမ်းမောင်းရိုက်နှက် ကြိမ်ဒဏ်ချက်ဖြင့် မျက်ရည်စက်မပြတ်စဲဘဲ ညီအစ်မ နှစ်ယောက်တို့မှာ တယောက် မျက်နှာကို တယောက် မကြည့်ရက်အောင် ရတက်မီးပွေလျှံလျက် သောက

www.dhammaransi.com



တွေ့ အတန်တန်ကို အံကြိတ်ကာ ခံပြီးလျှင် အရှင်သခင်များ၏ သဘောကို လိုက်လျောလျက် အိမ်တွင်းလုပ်ကိုင်ရန် ကိစ္စအဝဝတို့ ပြီးစီးသောအခါ နေ့စဉ်နှင့်အမျှ တောထဲးသို့ ကျွဲကျောင်း- နွားကျောင်း သွားကြရလေသည်။

## ၅။ ရှင်သာမဏေကလေး။

အင်းဝပြည်သား ဘားမဲ့ဆရာတော်၏ တပည့် ရှင်သာမဏေ ကလေးသည်၊ ဘိုးသူတော် တယောက်နှင့် သိုက်စာအရ ဆေး ကြိမ်လုံး စီမံကြလျက် တောလမ်းခရီးမှ ဖြတ်သန်းပြီး လာကြရာ၊ မယ်ဒက်- မယ်နဲ့ ညီအစ်မနှစ်ယောက်တို့ နွားကျောင်းရာအရပ်သို့ ရောက်လာကြလေသည်။

ထိုသို့ ရောက်လာကြပြီး အမောအပန်း ဖြေကာ နားနေခိုက် မယ်ဒက်- မယ်နဲ့ ညီအစ်မနှစ်ယောက်ကို တွေ့လေက မိကျောင်း အိုင်၏ အကြောင်းကို စုံးစမ်း မေးမြန်းရာတွင် မယ်ဒက်-မယ်နဲ့ ညီအစ်မ နှစ်ယောက် တို့သည် ကြား သိ ဘူးသမျှ အလုံးစုံသော အကြောင်းအရာ တို့ကို ကုန်စင်အောင် ရှင်သာမဏေကလေးသို့ ပြောပြလေလျှင်၊ ရှင်သာမဏေ ကလေးက ညီအစ်မနှစ်ယောက် တို့အား "ဘာကိုမှ မကြောက်နှင့်၊ နင်တို့ကို ကျွန်ဘဝ အဖြစ်မှ လွတ်မြောက်အောင် ငါ ကယ်မမည်။ မိကျောင်းအိုင် ရှိရာကိုသာ လိုက်၍ပြကြ"ဟု ခိုင်းသောအခါ၊ ညီအစ်မ နှစ်ယောက် တို့သည် ဘာကိုမျှ မကြောက်ရွံ့ဘဲ သေရသလောက်မှ မကောင်းသည့် လူ့ ပြည်မှာ ဤလို ဒုက္ခအမျိုးမျိုးခံနေခြင်းထက် သေရခြင်းက မြတ် သေး၏ဟု တွေးတော ဆင်ခြင်ကြလျက် ကြောက်စိတ်ကို လွှင့်စင် စေပြီး ရှင်သာမဏေကလေးအား မိကျောင်းအိုင်ရှိရာသို့ လိုက်၍ ပြကြလေတော့သည်။

www.dhammaransi.com


မိကျောင်းအိုင်သို့ ရောက်သောအခါ စီမံဘွယ် အရပ်ရပ်တို့ကို စီမံ၍၊ ဆန်မန်းပေါက်ပေါက်တို့ဖြင့် မိကျောင်းရှိရာအိုင်အတွင်းသို့ လှမ်း၍ ပက်လိုက်သောအခါ၊ မိကျောင်းအိုင် ရေအလယ်မှ ကရင် ငါ့မှတ်နှင့် သိုက်ဆရာ ငါ့ဖြူထွားတို့သည် မိကျောင်းကို စီးလျက် ပေါ်လာကြလေသည်။ ထိုသို့ပေါ်လာသောအခါ စီမံထားသော ဆေးကြိမ်လုံးနှင့်ရိုက်လိုက်လေလျှင်၊ ကရင် ငါ့မှတ်နှင့် ငါ့ဖြူထွား တို့ ကွယ်ပျောက်၍ သွားပြီး မိကျောင်းကြီးသည် ရှင်သာမဏေ ကလေးရှိရာသို့ ဦးတည်၍လာပြီးလျှင် မိကျောင်းအိုင်၏ ကမ်္ဘာသို့ ကပ်လျက် ငြိမ်သက်စွာနေရလေတော့သည်။

ရှင်သာမဏေ ကလေးနှင့် ဘိုးသူတော် တို့သည် မိကျောင်း ကြီး၏ မျက်စိနှစ်လုံးကို ယူပြီးလျှင်၊ ရွှေ ငွေ ကျောက်သံပတ္တမြား ဖြစ်သော မိကျောင်း၏ ကိုယ် ကို မယ်ဒက် - မယ်နဲ့ ညီ အစ်မ နှစ်ယောက် တို့အား ပေးအပ်လျက်၊ ရှင်သာမဏေ ကလေးက မယ်ဒက်- မယ်နဲ့ ညီအစ်မနှစ်ယောက်တို့အား "အကြောင်းရှိက ငါ့ကိုတလျှင် တခဏခြင်း ငါ ရောက်လာမည်၊ ဘာမှ မကြောက် ကြနှင့်" ဟု ဆိုပြီးလျှင် ရှင်သာမဏေ ကလေးနှင့် ဘိုးသူတော် တို့သည် ကွယ်ပျောက်၍သွားကြလေတော့၏။

## ၆။ ကျွန်အဖြစ်မှ လွတ်ကင်းခြင်း။

မယ်ဒက် နှင့် မယ်နဲ့ ညီအစ်မ နှစ်ယောက် တို့သည် ရွှေ ငွေ ကျောက်သံ ပတ္တမြားများ ရရှိ ကြ ပြီးလျှင်၊ မိမိတို့ နွားကျောင်း စခန်းသို့ပြန်လာကြ၍ နွားများကို အိမ်သို့ ပြန်လည် မောင်းနှင်ခါ ခြံများအထဲသို့ နေသားတကျ သွင်းကြပြီးလျှင်၊ ပိတောက်ကုန်း ရွာသူကြီးအား ကိုယ်နေကြေး သုံးပိဿာကို ပြန်ပြီးယူပါရန်ပြော ကြားရာတွင် ရွာသူကြီးမင်းက "ငါ့ ဥစ္စာကို ခိုးဝှက်ပြီး ပြန်ဆပ်

www.dhammaransi.com



သည့်ကြေး နင်တို့ကို ငါ၏ကျွန်အဖြစ်မှ မည်ကဲ့သို့ခွင့်လွှတ်၍ပေးရမည်နည်း''ဟု ကြိမ်းမောင်း ရိုက်နှက် ကြိမ်နှင်တံနှင့် အတန်တန်ရိုက်ပုတ် နှိပ်စက်သောအခါ၊ အစ်မကြီး ဖြစ်သူ မယ်ဒက်က ရှင်သာမဏေ မိန့်မှာချက်ကို ရုတ်တရက်သတိရပြီး ရှင်သာမဏေကိုတမ်းတလိုက်လေလျှင် မကြာခဏပင် ရှင်သာမဏေ ကလေး ကြွရောက်လာလေ၏။

ထိုသို့ကြွလာလေလျှင်ဖြစ်ပျက်သည့်အကြောင်းကုန်စင်အောင် မယ်ဒက်က ပြောပြသော အခါ၊ ရှင် သာမဏေ ကလေးသည် ပိတောက်ကုန်း ရွာသူကြီးအား ဖြစ်ပျက်သမျှ အကြောင်းအင်ကို ကုန်စင်အောင် ရှင်းလင်းပြီး ကိုယ်နေကြေး သုံးပိဿာကို ပြန်လည်ကာ ပေးဆပ်လျက် ကွယ်ပျောက်၍သွားလေ၏။

ထိုသို့ကြေးငွေများ ပေးဆပ်ပြီးနောက်၊ မိခင်ကြီးကို ကိုယ်နေကြေး ပေးအပ်လျက် သင်္ဂြိုဟ်ရသည့်ကုသိုလ်ကံကြောင့် ကျွန်ဘဝမှ လွတ် မြောက် ပြီး ရေတာရှည် ပိတောက်ကုန်း ရွာကြီး မှာပင် စည်းစိမ်ဥစ္စာကြွယ်ဝစွာနှင့် တိုက်တာ ခမ်းနား အိမ်အိုး များဖြင့် ညီအစ်မနှစ်ယောက်တို့သည် အပျိုကြီးဘဝဖြင့် သူဌေးမ အမည်ခံကာ နေထိုင်ကြလေသည်။

## ၇။ မယ်ဒက်-မယ်နဲ စေတီတော်များ။

ထိုသို့နေထိုင်ကြစဉ်၊နောင်အခါ မှော်ကွန်းတွင်လောက်အောင် မိကျောင်းအိုင်မှ သုံးမိုင်ခန့် ကွာဝေးသော သိုက်မြိုက် တင့်ဆန်းစိမ့်စမ်း အထပ်ထပ် ပင်မျိုးစုံ ရောစပ်လျက် မကြီးမငယ် တောတောင်များ အလယ်တွင် **မယ်ဒက်** ဘွဲ့မည် တပ်ပြီး ဥဒိဿစေတီဘုရားတဆူကို တည်ထားကိုးကွယ်လေသတည်း။

www.dhammaransi.com


မယ်နဲဖြစ်သော ညီမအငယ်မှာ၊ စစ်တောင်းမြစ် အရှေ့ဘက်-နှစ်မိုင်ခန့်ကွာဝေးသော တောတခုတွင် **မယ်နဲ** အမည်ဖြင့် ဥဒိဿစေတီဘုရားတဆူကို တည်ထားကိုးကွယ်လေသတည်း။

ထိုသို့တည်ထားကိုးကွယ်ကြရာတွင် ၎င်းတို့၏ စိန်- ရွှေ- ငွေ-ကျောက်သံပတ္တမြား ရတနာအဖြာဖြာတို့ကို ဘုရားတွင် ဌာပနာကြပြီး၊ ညီအစ်မနှစ်ယောက်တို့သည်ဤသို့ဆုတောင်းကြလေသည်။

၁။ ဤဌာပနာထားအပ်သော ရတနာအဖြာဖြာတို့သည်၊ အကျွန်ုပ်တို့ တည်ထားကိုးကွယ်သောဘုရားများ နှစ်,လ ရှည်ကြာ ကာလရှည်လျား၍ပျက်စီးယိုယွင်းခြင်းရှိပါက အသစ်ထပ်မံပြင်ဆင်ရန်ဖြစ်ပါစေသတည်း။

၂။ ဤဌာပနာ ထားအပ်သော ရတနာ အဖြာဖြာတို့သည်၊ မည်သူတဦးတယောက်မျှ နှောက်ယှက်ဖျက်ဆီး ယူငင်ပြီး မသုံးစားနိုင်ပါစေသတည်း။

၃။ ဤဌာပနာထားအပ်သော ရတနာအဖြာဖြာတို့သည်၊ အကျွန်ုပ်တို့၏ဆရာ ပေးမပါ၍ ရလာသောပစ္စည်းမှန်ပါသဖြင့်၊ ဖြစ်ရာဘဝ ပြန်ကာကြွပြီး လာ၍တစေ ယူပါလေက မကြာ ချက်ခြင်းအနှောက်အယှက်ကင်းပြီး ကြွင်းကျန်မရှိ ယူနိုင်ဘိသည် ဖြစ်ပါစေသတည်း-

ဟူသော အဓိဋ္ဌာန်သုံးချက်ဖြင့်ဆုတောင်းကြပြီးလျှင် ဘုရားများကိုဌာပနာကြလေသည်။

ထိုသို့ ဘုရားများကို ညီအစ်မနှစ်ယောက်တို့သည် တည်ထားကိုးကွယ်ကြပြီးသည့်အခါ၊ ကရင်ငါ့မှတ်နှင့် ငါ့ဖြူထွားတို့သည် မိကျောင်းအိုင် စောင့်နေရသော အစိမ်းသူရဲဘဝမှ ဥစ္စာစောင့်ဘဝသို့ ကူးပြောင်းကြပြီး မယ်ဒက်နှင့် မယ်နဲ ဘုရား များတွင် ဥစ္စာစောင့်ဘဝအဖြစ်သို့ ရောက်ရှိကြပြန်လေသည်။

www.dhammaransi.com


## ၈။ ဥစ္စာစောင့်ညီအစ်မ။

ထိုသို့ ဥစ္စာစောင့် ဖြစ်နေကြရာတွင် ပစ္စည်းပိုင်ရှင်များ ဖြစ်ကြသော မယ်ဒက်နှင့်မယ်နဲ့ အပျိုကြီးသူဌေးညီအစ်မတို့ကို လူအသွင်ဖန်ဆင်းကြပြီး နေ့စဉ်မပြတ် လည်ပတ်သွားလာ ချစ်ခင်ရင်းနှီးစွာ ဆက်ဆန်နေကြရာ၊ တနေ့သောအခါဝယ် အစ်မကြီးမယ်ဒက်မှာ ကရင် ငါ့မှတ်၏ လှည့်စားဖြားယောင်းချက်ဖြင့် အချစ်ဓါတ် စက်ကွင်းမှ မလွတ်ကင်း နိုင်တော့ဘဲ ကရင် ငါ့မှတ်၏ စိတ် အလိုသို့ လိုက်ပါရ လေတော့၏။ ထိုသို့ လိုက်ပါသောအခါ မယ်ဒက်၏ လိပ်ပြာကိုနှုတ်ယူ၍ မယ်ဒက်ဘုရားတွင် ဥစ္စာစောင့်အဖြစ်နှင့် ခေါ်ဆောင်ပြီး အတူတကွ ပျော်ရွှင်စွာ နေထိုင်ကြလေတော့သည်။

ထိုသို့ ပျော်ရွှင်စွာ အစ်မကြီးဖြစ်သူ မယ်ဒက်မှာ နေထိုင်ရသော်လည်း၊ ညီမငယ် မယ်နဲ့ ခမြာမှာ မနေတတ်- မထိုင်တတ်- အပူမီး ဗျာပါ ကပ် လျက် နေ့စဉ် မအေး အပူသယ် ကလေး တယောက် ဖြစ်ပြီး နေရပေ တော့သည်။ ထိုသို့ နေရသော အခါ အားကိုးရာလည်း မမြင်၊ အထင်လွဲမှား မိန်းမသားမို့ သူတပါး နှိပ်စက်မှာ ကိုလည်း ကြောက်၊ ကရောင် ချောက်ခြား ညှိုးငယ်သောမျက်နှာနှင့် အမျိုးမျိုးအဖုံဖုံတွေးတောပြီး အချိန်ကုန်လျက်နေရာ၊ အစ်မကြီး မယ်ဒက်မှာ ဥစ္စာစောင့်ဘဝကပင် ညီမငယ် မယ်နဲ့ကို အသည်းစွဲ ချစ်ခင်လှသည့်အတိုင်း မယ်နဲ့ထံသို့ လာပြီး လိပ်ပြာချင်းနှီးနှော စကားပြောလျက်၊ တနေ့သောအခါ လိပ်ပြာကို နှုတ်ယူလျက် မရဏနိုင်ငံသို့ လိုက်ပါရပြီး ဥစ္စာစောင့် အဖြစ်နှင့်ပင် မယ်ဒက် မယ်နဲ့ ညီအစ်မတို့မှာ အတူတကွပျော်ရွှင်စွာ နေထိုင်ကြလျက်၊ မိမိတို့ တည်ထားကိုးကွယ်သော မယ်ဒက်- မယ်နဲ့ဘုရားများတွင် ကရင် ငါ့မှတ်- ငါ့ဖြူထွား တို့နှင့် အတူတကွ စောင့်စားကာ နေထိုင်ကြရလေသည်။ မယ်ဒက်- မယ်နဲ့ ဘုရား

www.dhammaransi.com



နှစ်ဆူတို့သည် ကာလရှည်လျား ပျက်ပြားချို့ယွင်း ပျက်စီးခြင်း ဖြစ်လျက်သစ်ပင်နွယ်ချုံပုတ်တို့ဖြင့်ဖုံးအုပ်ပြီးနေရာ၊ ၁၂၆၀-ပြည့်နှစ်သို့ ရောက်သောအခါ ၎င်းဘုရားဟောင်းများ အနီးသို့ အရညဝါသီ တောခိုမှီ၍ အကျင့် သီလနှင့် ပြည့်စုံသော ရဟန်းတော်ဆယ်ဝါရ တောရပုဂ္ဂိုလ်တပါးကြွလာပြီး သာသနာတော်မြတ်ကို တည်ထောင်ပြုစုလေသည်။

## ၉။ သာသနာပြုပုဂ္ဂိုလ်ကျော်။

ထိုသာသနာပြု ပုဂ္ဂိုလ်၏ အကြောင်းကား။ ပျဉ်းမနားမြို့လျှင် ဖွါးရာဇာတိဖြစ်၍ အမိကား ပျဉ်းမနားဇာတိ၊ အဘမှာ အမရပူရ၊ ဘိုးဘွားကား အင်းဝ၊ ဆရာမှာ- မင်းလေးဆက်တိုင်တိုင် မှီသော လင်္ကာပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒ ပိဋကတ္တရဆေက ဝိနယဓရ သံဃနာယက ဖြစ်တော်မူသော မိုယ်းဓါးသာသနာပိုင် ဆရာတော်ဘုရားကြီး၏ ဓမ္မန္တေဝါသိက တပည့်ရင်းဖြစ်သတည်း။

၎င်းပုဂ္ဂိုလ်သည် သာသနာတော်ကို ပြုစုအားထုတ်နေရင်းပင် ၁၂၆၇-ခု၊ ဝါတော် ၁၇ ဝါရသောအခါ၌ မယ်ဒက် ဘုရားဟောင်းကို။ ထိုနှစ် တပေါင်းလဆန်း ၁၅ ရက်၊ကြာသပတေးနေ့ နံနက် စက်နာရီ ၁၁ နာရီနှင့် မိနစ် ၃၀ အချိန် ပြီဃလဂ်၊ ကရကတ်စန်းတွင် မယ်ဒက်ဘုရားဟောင်းကို ယိုယွင်း ပျက်စီးနေသော အပေါ်မှ လောကပါလ သာသနာစောင့် နတ်တို့ကို တိုင်တန်းပသ အမျှပေးဝေပြီးမှ သုံးကျိပ်ကျော်သံဃာတော်တို့ကို ပင့်ဆောင်၍ အရပ် ရှစ်မျက်နှာ တို့၌ ပရိတ်မေတ္တာ အဋ္ဌ ဇေယျမင်္ဂလာ၊ မဟာဇေယျမင်္ဂလာ၊ ဓမ္မစကြာ၊ မဟာသမယသုတ် တို့ကို ရွတ်ဘတ်ပူဇော်စေပြီးမှ၊ ၎င်းမယ်ဒက်ဘုရားကိုဖုံးအုပ်၍ အကျယ် ဘိနပ်တော် ၅၂ တောင်ရှိသော ရွှေပန္နက်,ငွေပန္နက်,ကြေးပန္နက်, သံပန္နက်တို့၏ အတိုင်းအထွာအတွင်းဝယ် အရပ်ရှစ်မျက်နှာ တို့၌

www.dhammaransi.com


ထီးဖြူတော် ရှစ်စင်း ဖြန့်ကျင်း ပူဇော်လျက် ရွှေအုတ် ရှစ်ပြား၊ ငွေအုတ် ရှစ်ပြားတို့ကို အုတ်မြစ်တော် ရေးဦးစွာ ချခင်း ပြီးလျှင် နှစ်ဆယ့်ခုနှစ်လ အတွင်း၌သာလျှင် ဘိနပ်တော် ၅၄ တောင်၊ ညာဏ်တော် ၅၄ တောင်ကုန်ဝင်သော အုတ်တသောင်းဝင် အုတ် ဖိုင်ပေါင်း ၁၁၇ ဖို၊ ကုသိုလ်တော်ငွေပေါင်းသုံးသောင်းငါးထောင် တရာနှစ်ဆယ့်ရှစ်ကျပ်တို့ဖြင့် ပြုပြင် တည်လုပ်လျက် ဆုတောင်း ပြည့် မယ်ဒက်ဘုရားဟု ဘွဲ့အမည်တော်သမုတ်ပြီးလျှင် ပြီး အောင် မြင်သတည်း။

ထိုစေတီဘုရားတွင်သွင်းနိုင်ဌာပနာသောအစဉ်ကား-ဗောဓိပင် အနိမိသာကုန်း စသော ရုပ်ကလာပ်နှင့်တကွ သတ္တဋ္ဌာန ဘုရား ခုနှစ်ဆူ ခန်းရေသုံးစုံ ဗျာဒိတ် ခံတော်မူဟန်မှ စ၍ ဓါတ်တော် ဝေဟန်သို့ ကြအောင် လေးဆယ့်ကိုးဌာန၊ ဌာပနာဘုရား၊ ရုပ် ပွါးတော် ဗျာဒိတ်ပေးတော်မူဟန် ဘုရား၊ ရွှေရုပ်တော် လေးဆူ၊ စုဋ္ဌာမုနိ ဆုတောင်းပြည့် ကိုးဆူ၊ ရဟန္တာအစုံ ရှစ်ပါးစီ၊ အသီတိ မဟာသာဝကရဟန္တာကြီး ရှစ်ကျိပ်ပုံတော်၊ ထိုမှတပါး များစွာ သော ရုပ်ပွါးတော်နှင့်တကွ ဘုရားရှင်၏ ဓါတ်မြတ်၊ ရဟန္တာ သာဝက အရှင်မြတ် တို့၏ ဓါတ်မြတ် များစွာတို့ကို ထည့်သွင်း ဌာပနာတော်မူသတည်း။

၁၂၇၂-ခု၊ မယ်ဒက် တောရပုဂ္ဂိုလ် ၂၂ ဝါ ရသော အခါ ဘုရားရှင် ဘွားမြင် တော် မူသော ကဆုန် လဆန်း ၁၅ ရက် သောကြာနေ့၊ သက်တော် ထင်ရှား ဘုရားကိုယ်တော်နှင့် လုံးရပ် သဏ္ဌာန် ညာဏ်တော်သီမျှ ကြေးချိန်တော် ပိဿာမှာ သာသနာ တော် ငါးထောင်နှင့်အမျှ ပဉ္စလောဟာ နဝလောဟာ ဓါတ်မျိုး တို့ဖြင့်ပြီးသော ပြည်လုံးချမ်းသာရုပ်ရှင်တော်ကြီးကို အဆက်အစပ် မရှိစေရဘဲ။ ဘွားတော်မူသောအတိုင်း ငုတ်တုတ် ထက်ဝယ်တော်

www.dhammaransi.com



တကြိမ်တည်း ဖြင့်သာလျှင် ယိုယွင်း တိမ်းပါးခြင်း မရှိဘဲ တချိန်တည်း သွန်းလောင်း၍ ပြီးအောင်မြင်သတည်း။ ၎င်းရုပ်ရှင်တော်ကြီးဝယ် ပြည်သူတို့ သုံးဆောင်ဘူးသော ကြေးဟောင်း များကို အောက်ဓမ္မခံတော်၌သာ ပါဝင်စေ၍ ကိုယ်တော်အလုံး၌ လူတို့ မသုံးဆောင်ဘူးသော တွင်းထွက် သက်သက်သော ကြေးစ- ဝါ- ကြေးသန့်တို့ဖြင့်သာလျှင် သွန်းလုပ်၍ ပြီးအောင်မြင်သတည်း။

## ၁၀။ မြန်မာပြည်အရပ်ရပ်တို့တွင် ဗောဓိပင် များ စိုက်ပျိုးခြင်း။

၁၂၇၃-ခုနှစ်သို့ ရောက်သော အခါ မယ်ဒက်တောရ ဆရာတော်သည် သာသနာ့တော်၏အကျိုးကို သည်ပိုးဆောင်ရွက်လျက် အမြို့မြို့ အနယ်နယ်များတွင် ဘုရားများ တည်ခြင်း၊ မဇ္ဈိမဒေသမှ သတ္တဋ္ဌာန အောင်မြေနှင့် ဗောဓိပင် မျိုးစေ့များကို ပင့်ဆောင်လာပြီး မြန်မာနိုင်ငံတော်တွင် အမြောက်အမြား စိုက်ပျိုး ပြုစုလေသည်။

ထိုသို့ သာသနာတော်၏ အကျိုးကို သည်ပိုး ထမ်းရွက်လျက် သမထဝိပဿနာ တရားများကို အခိဋ္ဌာန်ချက်ဖြင့် နေ့စဉ်မပျက် အားထုတ်လျက် မယ်ဒက်ဘုရားတွင် သီတင်းသုံးတော်မူရာ၊ လိုအပ်သော ပစ္စည်းလေးပါးများကို လူရော နတ်ပါ ဖြဟ္မာ မကြွင်း ပေးလှူခြင်း ပြုသည်ကို နီးစပ်သော ဒါယကာ ဒါယိကာမတို့မှာ မျက်မြင် ကိုယ်တွေ့ ယုံကြည် လောက်အောင် ကြုံတွေ့ ရသဖြင့် ဆရာတော်ဘုရားကြီးကို အထူးလေးစားကြည်ညိုသူများပြားလျက် မြန်မာပြည်နှင့် တကွ သီဟိုဠ်၊ ယိုးဒယား စသော ဗုဒ္ဓဘာသာ ထွန်းကားသည့် ဒေသများမှာ သတင်း ပြန့်နှံ့ ကျော်ကြားလျက် ရှိလေသည်။

www.dhammaransi.com



၎င်းမယ်ဒက်ဆရာတော်ဘုရားကြီးမှာ သက်တော် ခုနစ်ဆယ့် လေးနှစ်၊ ဝါတော် ငါးဆယ့်လေးဝါ ရတော် မူသော အခါ မကျန်းမာတော် မူသဖြင့် တပည့်များစွာ ဒါယကာ- ဒါယိကာမ တို့သည် သမားဟူးရား ဆေးဆရာ များနှင့် ကုသကြ လေသည်။ ထိုသို့ကုသကြသော်လည်း အရာမထင် နတ်ဆေးနတ်ဝါး အသွင် ဖြင့် လူအများ မမြင်နိုင်ဘဲ ဆရာတော်အား ဆေးဝိဇ္ဇာများက ကုစားကြသော ပုံအသွင်ဖြင့်။ ၁၃၀၅-ခု၊ တန်ခူး လပြည့်ကျော် ခုနစ်ရက်နေ့ည ရှစ်နာရီ သုံးဆယ်မိနစ်တွင် ဘဝနတ်ထံ ပျံလွန် တော်မူသည်လည်းမဟုတ်၊ ဇိဝိန်ချုပ်ပျက် ရုပ် နာမ် သက်တို့မှာ ဥပပါတ် ပဋိသန္ဓေ ရုပ်သေ နာမ်ပြောင်း ထွက် ရပ် ပေါက် အလောင်းကဲ့သို့ မပုပ်မသိုး ဖိုလ်ကျဉ်နှင့် ထိုးပြီး ဂူထဲဘွင် ထား သည်မှာ ယခုတိုင်ရှိနေလေတော့သည်။

မယ်ဒက်-မယ်နဲ၊ ကရင်ငါ့မှတ်၊ သိုက်ဆရာငါ့ဖြူထွားတို့သည် ဆရာတော်၏ ပြုစုအပ်သော ကုသိုလ်ကောင်းမှု အရပ်ရပ် တို့ကို စောင့်ရှောက် လှူဒါန်းကာ ဆရာတော်၏ပေးဝေအပ်သော ပတ္တိ ဒါနကုသိုလ်ကို သာဓု အနုမောဒနာ ခေါ်ယူနိုင်ကြလျက် ဥစ္စာ စောင့်များ အဖြစ်နှင့်ပင် ယခုတိုင် ဆရာတော်၏ အလောင်းနှင့် ကုသိုလ် ကောင်းမှု အရပ်ရပ်တို့ကို စောင့်ရှောက်ခါ နေထိုင်ကြ လေသည်။

## ၁၁။ ယူဆချက်။

ထိုသမိုင်း၏အစဉ်ကို တွေးဆ ဆင်ခြင် သတိသမ္ဗဇဉ် ဉာဏ်မှာ ယှဉ်လျက် ဝေဘန်ဆုံးဖြတ်ရမည် ဆိုပါလျှင်၊ ဘားမဲ့ဆရာတော်၏ တပည့် ရှင်သာမဏေကလေးမှာ လူ့ရွာသို့ လာရောက်ပြီး ယခု အခါ ထင်ရှား ကျော်စောလျက် ပျံလွန်တော် မူလေပြီးသော မယ်ဒက်ဆရာတော် ဘုရားကြီးဟု ယူဆ ရလေတော့သည်။ ၎င်း

www.dhammaransi.com


ဆရာတော်ဘုရားကြီး၏ ဘိုးဘွား စဉ်လာ အဆက် အနွယ်များ မှာလည်း အင်းဝ နေပြည်တော်နှင့်ပင် ဆက်စပ်ခြင်း ရှိနေသဖြင့် သိုက်သမိုင်း ရေးသူ- ကျွန်တော်၏ အယူအဆမှာ....

**''မယ်ဒက်ဆရာတော်ဘုရားကြီးသည် အတိတ်ကာလက ဘားမဲ့ ဆရာတော် ဘုရားကြီး၏တပည့်ရှင်သာမဏေ ကလေး ဖြစ်ပြီး၊ ယခု ဘဝမှာ မယ်ဒက် ဆရာတော်ဘုရားကြီး ဟု ယုံကြည် မှတ်သားလျက် ရှိရပေတော့သည်။**

ဤသိုက်သမိုင်းကို လေ့လာ ကြည့်ရှုသူ များဗိုလ်လူ တို့သည် တွေးဆဆင်ခြင်ပြီး ကျွန်တော်၏ ယူဆချက်ကို ဝေဘန် နိုင်ကြပါ စေသတည်း။

မယ်ဒက်ဘုရားကြီး၏ သိုက် သမိုင်းကို
၁၃၁၈-ခု၊တပေါင်းလပြည့်ကျော်သုံးရက်နေ့တွင် ရေးသားစီစဉ်
ပြီးစီး အောင်မြင်ပါသတည်း။

**ပြီးပါပြီ။**

☆

## ( အထူးသတိပြုတော်မူပါရန် )

ဤမယ်ဒက်စေတီတော်သိုက်သမိုင်းကို အချိန်မှီ ထုတ်ဝေရန် အမြန် စီစဉ် ရပါသဖြင့် အကျဉ်းမျှသာ ဘော်ပြနိုင်ပါသည်။ များမကြာမီ အကျယ် ပုံနှိပ် ရောင်းချရန် စီစဉ်လျက်ရှိပါသည်။

ငင်းအပြင်——

ဤစာအုပ်မှာထုတ်ဝေသူ၏မူပိုင်ဖြစ်ပါသဖြင့် တိုက်ရိုက်သော်၎င်း၊ တစိတ် တဒေသသော်၎င်း၊ ဆင်တူရိုးမှားသော်၎င်း၊ တဆင့်ထပ်မံပုံနှိပ်ခြင်းမပြုပါရန် လေးနက်စွာ တားမြစ်ပါသည်။

**၄၁၅၁**

www.dhammaransi.com

# နောက်ဆက်တွဲ။

## (၁) ကျေးဇူးရှင်–မယ်ဒက်ဆရာတော်ဘုရားကြီး၏ အမြဲ ပို့ချတော်မူသော မေတ္တာပို့ပါဠိအနက်။

(အရ ကျက်ကြပါ၊ သပ္ပုရိသအပေါင်း သူတော်ကောင်းတို့။)

ဒုက္ခပတ္တာစ နိဒ္ဒုက္ခာ၊ ဘယပတ္တာစ နိဗ္ဘယာ၊ သောက
ပတ္တာစ နိဿောကာ ဟောန္တု၊ သဗ္ဗေပိ ပါဏိနော။ ။

**အနက်**—သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိဒ္ဒုက္ခာစ၊ ဆင်းရဲခြင်း မရှိကြကုန် သည်လည်း။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဘယပတ္တာ၊ ဘေးဥပဒ်နှိပ်စက်ခြင်းသို့ ရောက်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိဗ္ဘယာစ၊ ဘေး မရှိကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ် ကုန် သော။ ပါဏိနော၊ သတ္တဝါ တို့သည်။ နိဿောကာစ၊ စိုးရိမ်ခြင်းကင်းကုန်သည်လည်း။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

၁။ ဘဝတု သဗ္ဗမင်္ဂလံ ရက္ခန္တု သဗ္ဗဒေဝတာ၊
သဗ္ဗဗုဒ္ဓါနုဘာဝေန သဒါသုခီ ဘဝန္တု တေ။

၂။ ဘဝတု သဗ္ဗမင်္ဂလံ ရက္ခန္တု သဗ္ဗဒေဝတာ၊
သဗ္ဗဓမ္မာနုဘာဝေန သဒါသုခီ ဘဝန္တု တေ။

၃။ ဘဝတု သဗ္ဗမင်္ဂလံ ရက္ခန္တု သဗ္ဗဒေဝတာ၊
သဗ္ဗသံဃာနုဘာဝေန သဒါသုခီ ဘဝန္တု တေ။

www.dhammaransi.com


သဗ္ဗမင်္ဂလံ၊ ခပ်သိမ်းသော ပစ္စုပ္ပန်, သံသရာ ချမ်းသာ စီးပွါး များခြင်း၏အကြောင်း ကောင်းမြတ်သော မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

သဗ္ဗဒေဝတာ၊ ခပ်သိမ်းသောနတ်တို့သည်။ ရက္ခန္တု၊စောင့်စေ ကုန်သတည်း။

သဗ္ဗဗုဒ္ဓါနုဘာဝေန၊ ခပ်သိမ်းသော ဘုရားရှင် တို့၏ ဂုဏ်ကို အာရုံပြု၍ ဖြစ်သော စေတနာ၏ အာနုဘော်ကြောင့်။ တေ၊ ထို သတ္တဝါတို့သည်။ သုခီ၊ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာ ခြင်းသည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။

သဗ္ဗမင်္ဂလံ၊ ခပ်သိမ်းသော ပစ္စုပ္ပန်, သံသရာ ချမ်းသာ စီးပွါး များခြင်း၏အကြောင်း ကောင်းမြတ်သော မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေ သတည်း။ သဗ္ဗ ဒေဝတာ၊ ခပ်သိမ်းသော နတ်တို့သည်။ ရက္ခန္တု၊ စောင့်စေကုန်သတည်း။ သဗ္ဗဓမ္မာနုဘာဝေန၊ ခပ်သိမ်း သော တရားတော်၏ ဂုဏ်ကို အာရုံပြု၍ ဖြစ်သော စေတနာ၏ အာနုဘော်ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ သုခီ၊ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာခြင်းသည်။ ဘဝတု၊ ဖြစ်စေသတည်း။

သဗ္ဗမင်္ဂလံ၊ ခပ်သိမ်းသောပစ္စုပ္ပန်,သံသရာ စီးပွါးများခြင်း၏ အကြောင်း ကောင်းမြတ်သော မင်္ဂလာသည်။ ဘဝတု၊ ဖြစ်ပါစေ သတည်း။ သဗ္ဗဒေဝတာ၊ ခပ်သိမ်းသော နတ်တို့သည်။ ရက္ခန္တု၊ စောင့်စေ ကုန်သတည်း။ သဗ္ဗသံဃာ နုဘာဝေန၊ ခပ်သိမ်းသော သံဃာတော်တို့၏ဂုဏ်ကို အာရုံပြု၍ဖြစ်သော စေတနာ၏ အာနု ဘော်ကြောင့်။ တေ၊ ထိုသတ္တဝါတို့သည်။ သုခီ၊ ကိုယ်, စိတ် နှစ်ဖြာ ချမ်းသာခြင်းရှိကုန်သည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။

www.dhammaransi.com



ပါဠိ—ဇယန္တော ဗောဓိယာမူလေ သက္ယာနံ နန္ဒိဝဍ္ဎနော ဧဝ မေဝ ဇယောဟောတု၊ ဇယဿု ဇယမင်္ဂလေ။ အပရာဇိတ ပလ္လင်္ကေ သီသေ ပုထုဝိပုက္ခလေ အဘိသေကေ သဗ္ဗဗုဒ္ဓါနံ အဂ္ဂပ္ပတ္တော ပမောဒတိ။ သုနက္ခတ္တံ သုမင်္ဂလံ သုပ္ပဘာတံ သုဟုဋ္ဌိတံ သုခဏော သုမုဟုတ္တော စ သုယိဋ္ဌံ ဗြဟ္မစာရိသု။ ပဒက္ခိဏံ ကာယကမ္မံ ဝါစာကမ္မံ ပဒက္ခိဏံ ပဒက္ခိဏံ မနောကမ္မံ ပဏိဓိတေ ပဒက္ခိဏေ။ ပဒက္ခိဏာနိ ကတွာန လဘန္တတ္ထေ ပဒက္ခိဏေ တေ အတ္ထာ လဒ္ဓါ သုခိတာ ဝိရုဠှာ ဗုဒ္ဓသာသနေ အရောဂါ သုခိတာ ဟောန္တု သဟသဗ္ဗေဟိ ဉာတိဘိ။

## အနက်

သက္ယာနံ၊ သာကီဝင် မင်းမျိုး အပေါင်းတို့၏။ နန္ဒိဝဍ္ဎနော၊ နှစ်သက်ဝမ်းမြောက်ခြင်း ပီတိသောမနဿကို ပွါးစေတတ်သော။ နာထော၊ မြတ်စွာဘုရား သခင်သည်။ ဗောဓိယာ၊ မဟာဗောဓိ ပင်မင်း၏။မူလေ၊ အရင်း၌။ ဇယန္တော ယထာ၊ မာရ် ငါးပါး ကို အောင်မြင်တော် မူသကဲ့သို့။ ဧဝ မေဝ၊ ဤအတူသာလျှင်။ ဝေါ တုမှာကံ၊ သင်သူတော်ကောင်းအပေါင်းတို့အား။ ဇယော၊ အောင်ခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဇယမင်္ဂလေ၊ အောင်အပ်သော မင်္ဂလာ၌။ ဇယဿု၊ အောင်သည် ဖြစ်ပါ စေသတည်း။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းသောမြတ်စွာဘုရားသခင်တို့၏။အဘိသေကေ၊ ခပ်သိမ်းသော ကိလေသာတည်းဟူသောရေကို သွန်ရာလည်း ဖြစ်ထသော။ သီသေ၊ မြေပြင်၏ ဦးစွန်းလည်း ဖြစ်ထသော။ ပုထုဝိပုက္ခလေ၊ မြေပြင်၏ အထူး တင့်တယ် ရာလည်း ဖြစ်ထသော။ အပ္ပရာဇိတပလ္လင်္ကေ၊ မာရ်ငါးပါးကိုအောင်မြင်တော်မူရာ အပ္ပရာဇိတပလ္လင်တော်၌။အဂ္ဂပ္ပတ္တော၊လူသုံးပါးတို့ထက်မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူသည်ဖြစ်၍။ ဘဂဝါ၊ မြတ်စွာ ဘုရားသခင်

www.dhammaransi.com


သည်။ ပမောဒတိ၊ ဝမ်းမြောက် တော်မူ၏။ ဧဝ မေဝ၊ ဤအတူ သာလျှင်။ ဝေါတုမှာကံ၊ သင် သူတော်ကောင်း အပေါင်းတို့အား။ အဂ္ဂပ္ပတ္တော၊ မြတ်သောအလိုသို့ ရောက်ကြကုန်သည်ဖြစ်၍။ ပမောဒန္တု၊ ဝမ်းမြောက်သည်ဖြစ်ပါစေကုန်သတည်း။ ဝေါတုမှာကံ၊သင် သူတော်ကောင်း အပေါင်းတို့အား။ သုနက္ခတ္တံ၊ ကောင်းသောနက္ခတ်သည်။ ဟောတု၊ဖြစ်ပါစေကုန်သတည်း။ သုမင်္ဂလံ၊ကောင်းသောမင်္ဂလာသည်။ ဟောတု၊ဖြစ်ပါစေကုန်သတည်း၊ သုပ္ပဘာတံ၊ ကောင်းသော မိုဃ်းသောက် ခြင်းသည်။ ဟောတု၊ ဖြစ်ပါစေ သတည်း။ သုဟုဋ္ဌိတံ၊ကောင်းစွာထမြောက်နိုင်ခြင်းသည်။ဟောတု၊ ဖြစ်ပါစေသတည်း။ ဗြဟ္မာစာရိသု၊ မြတ်သောအကျင့်ကို ကျင့်ကုန် သော သူတော်သူမြတ်တို့၌။ သုယိဋ္ဌံ၊ ကောင်းစွာ ပူဇော်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ပဒက္ခိဏံ၊မြတ်သော။ ကာယကမ္မံ၊ ကာယကံသည်၎င်း။ ပဒက္ခိဏံ၊ မြတ်သော။ ဝါစာကမ္မံ၊ ဝစီကံ သည်၎င်း။ ပဒက္ခိဏံ၊မြတ်သော။ မနောကမ္မံ၊မနောကံသည်၎င်း။ ပဒက္ခိဏော၊ မြတ်သော ကာယကံ, ဝစီကံ, မနောကံ၌။ ပဏိဓိ၊ ကောင်းစွာဆောက်တည်ခြင်းသည်၎င်း။ တေ၊သင့်အား။ဟောန္တု၊ ဖြစ်စေသတည်း။ ယေ သတ္တာ၊ အကြင် သတ္တဝါတို့သည်။ ပဒက္ခိဏာနိ၊ မြတ်သောကံတို့ကို။ ကတွာန၊ ပြုကုန်ပြီး၍။ ပဒက္ခိဏေ၊ မြတ်ကုန်သော။ အတ္ထေ၊ အကျိုးတို့ကို။ လဘန္တိ၊ ရကုန်၏။ တေ သတ္တာ၊ ထို သတ္တဝါ တို့သည်။ အတ္ထလဒ္ဓါ၊ ကောင်းမြတ်သော အကျိုးကို ရကုန်သည် ဖြစ်၍။ သုခိတာ၊ ချမ်းသာခြင်းသို့ ရောက်ကုန်သည်ဖြစ်၍။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ ဝိရုဠှာ၊ စည်ပင်ပြန့်ပွါး များကုန်သည်ဖြစ်၍။ သဗ္ဗေဟိ၊ ခပ်သိမ်း ကုန်သော။ ဉာတိဘိ၊ ဆွေမျိုးတို့နှင့်။ သဟ၊ တကွ။ အရောဂါ၊ အနာကင်းကုန်သည်။ သုခိတာ၊ ချမ်းသာခြင်းသို့ ရောက်ကုန်သည်။ ဟောန္တု၊ ဖြစ်စေသတည်း။

www.dhammaransi.com



## ၂။ မယ်ဒက် ဆရာတော်ဘုရားကြီး၏ နေ့စဉ် ကျင့်ဝတ် ပဋိပတ်မှာ

၁။ လဆန်းတရက်မှ ရှစ်ရက်နေ့အထိ ဆားနှင့်ဆွမ်းမျှသာ ဘုဉ်းပေး သုံးဆောင်တော်မူပြီး၊ ဒါယိကာမများအား ဖူးမျှော် ကံတော့ခြင်း မပြုစေခြင်း။

နေ့စဉ် နံနက်ခြောက်နာရီနှင့် ခုနစ်နာရီ အကြားမှာ ဘုရားဝတ်တက်၍၊ မဟာဗောဓိပင် များကို ရေသွန်း လောင်း ပြီး သတ္တဝါများအားလုံးကို အမျှပေးဝေခြင်း။

၂။ ခုနစ်နာရီမှ ကိုးနာရီ အကြားတွင် ဒါယကာ များကို တရားများအားထုတ်ရန် ဆိုဆုံးမခြင်း။

၃။ ကိုးနာရီမှ တဆယ့်နှစ်နာရီအကြားတွင် ဆွမ်း ဘုဉ်းပေး တော်မူခြင်း၊ ရေများ သုံးသပ်တော်မူခြင်း။

၄။ တနာရီမှ သုံးနာရီအထိ ဂူအောင်းပြီးလျှင် ကမ္မဋ္ဌာန်း တရားများကို အားထုတ်တော်မူခြင်း။

၅။ ညနေ လေးနာရီမှ ငါးနာရီ အကြားတွင် အဋ္ဌဒီသာ ရှစ်မျက်နှာအရပ်သို့ ကိုယ်တိုင် လှည့်လည်ပြီး ပရိတ်မေတ္တာများ ပို့သခြင်း။

၆။ ငါးနာရီမှ ခြောက်နာရီအထိ ဒါယကာများကို တရား ဟောပြောဆိုဆုံးမခြင်း။

၇။ ခြောက်နာရီမှ ဆယ်နာရီအထိ ပုတီးစိတ်ပြီးလျှင် ပရိတ် မေတ္တာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းပွါးများခြင်း။

၈။ နံနက်နှစ်နာရီမှ ခြောက်နာရီ မေတ္တာပို့။

www.dhammaransi.com



## ၃။ မယ်ဒက် စေတီတော်နှင့် ဆက်စပ်လျက် ရှိသော ရှေးဟောင်း ရွာများမှာ

၁။ ရေတာရှည် (ရွာ)
၂။ ပိတောက်ကုန်းရွာ။
၃။ ကျွန်းကုန်းရွာ။
၄။ နားကြပ်ရွာ။
၅။ စီပိုင်းရွာ။
၆။ ခင်တန်းကြီးရွာ။

**မှတ်ချက်**—ယခုရုံးစိုက်ရာဖြစ်သော တောင်ငူခရိုင်- ရေတာရှည် မြို့မှာ၊ အင်္ဂလိပ်များ လက်ထက် ရထားလမ်း ဖေါက်လုပ် ရာတွင် ရေတာရှည်ရွာက လူများနှင့် ဆက်စပ်မိ၍ ရေတာရှည်ဟု ထင်ပေါ် ကျော်ကြားပြီး မြို့ပိုင်ရုံးများရှိသဖြင့် ရေတာရှည် မြို့နယ်ဟု ခေါ်ဝေါ်သမုတ်လျက် ရှိလေသည်။

ကျွန်းကုန်း ဘူတာကိုလည်းထိုနည်းတူစွာ ဆက်စပ်မိ၍ ကျွန်းကုန်းဘူတာဟု ခေါ်လေသည်။

မယ်ဒက်- မယ်နဲဘုရားများ တည်ပြီးမှ ဖြစ်ပေါ်လာသော ရွာများမှာ-

၁။ မိကျောင်းအိုင်ရွာ။
၂။ သခွဲကျဲရွာ။

**မှတ်ချက်**—မိကျောင်းအိုင်ရွာမှာ၊ မိကျောင်းကြီးနေသော အိုင်တွင် ရွာတည်ထားသဖြင့် မိကျောင်းအိုင်ရွာဟု ယခုတိုင် ထင်ပေါ် ကျော်ကြားလျက်ရှိလေသည်။

သခွဲကျဲရွာဟု ခေါ်ဝေါ် သမုတ်ခြင်းမှာ၊ ဘုရားအမ- မယ်ဒက်သည် ပိတောက်ကုန်းရွာ နေအိမ်မှ နေပြီး အုတ်ဖုတ် သမားများအား အုတ် မည်မျှ ပြီးစီး ပြီနည်းဟု မေးမြန်းရာ၊ စပါးတခွဲကျဲ လောက် ပြီး ပြီ ဟု အုတ် ဖုတ် သ မား များ က ပြောဆို ခြင်းကို အကြောင်းပြု၍ ယခုတိုင် (တခွဲကျဲ) သခွဲကျဲရွာဟု ခေါ်တွင်လျက် ရှိလေသည်။

www.dhammaransi.com



## ၄။ မယ်ဒက်ဘုရားသို့ မော်တော်ကားလမ်း ဖေါက်လုပ်ခြင်း။

၁၂၉၆-ခု၊ ပြာသိုလဆန်းခုနစ်ရက်၊ ကြာသပတေးနေ့ နံနက် ဆယ့်တစ်နာရီ လေးဆယ့်ငါးမိနစ် အချိန်၊ ရေတာရှည် မြို့ပိုင်-ဦးဘစိန်၊တိုက်ပိုင်-ဦးကျင်စု၊အင်ဂျင်နီယာ ဦးမြတ်စံဦး၊တိရစ္ဆာန် ဆေးကုဆရာ- ဦးထွန်းမြတ်၊ ဆန်စပါး ကုန်သည်- ဦးပု တို့ ရှေ့ဆောင်၍ နယ်ရှိ လူကြီးများနှင့် မြို့သူ မြို့သား- နယ်သူ နယ်သား များပါ ကုသိုလ်တော် အဖြစ် အင်တိုက် အားတိုက် မြေများကို တူးဆွ ဖို့လုပ် ကြရာ မြေလမ်းကြီး ပြီးမြောက် အောင်မြင်လေ တော့သည်။

## ၅။ မယ်ဒက်ဘုရားကို မယ်ဒက်(ကယ်)ဘုရားဟု ဖြစ်လာခြင်းကား။

၁၂၈၉-ခုနှစ်လောက်က၊ မော်လမြိုင်မြို့ သစ်ကုန်သည်ကြီး-ဦးဘချစ်၊ တောင်တွင်းကြီးမြို့ သစ်တော ဝန်ထောက် - ဦးဘဖိုး၊ မန္တလေးမြို့ မြေပိုင်ရှင်- ဦးကြွယ်၊ တောင်ငူမြို့ ဘီလစ်စာရေးကြီး-ဦးသာလှိုင်-စသည့် လူသိများပြီးထင်ပေါ်ကျော်စောလျက်ရှိသော ပုဂ္ဂိုလ်ကြီးများသည်၊ အလုပ်အကိုင်စီးပွါးများ ပျက်ပြား နိမ့်ရှုံး အဆင် မပြေ ကြုံကြိုက်နေသဖြင့် မယ်ဒက်ဘုရား ဆရာတော်၏ ခြေတော်ရင်းသို့ လာရောက် တရား အားထုတ်ခါ ဆိုဆုံးမသည့် ဩဝါဒကိုခံယူကြသဖြင့် အရပ်ရပ်သော ကိစ္စများ အောင်မြင်ပါ သောကြောင့် မယ်ဒက်(ကယ်)ဟူ၍ ဖြစ်ပေါ်လာပါသတည်း။

## ၆။ အောင်ချမ်းသာရွာတည်ပေးခြင်း။

စစ်တောင်းမြစ် ကမ်းနားရှိ သာယာကုန်း ရွာကြီးသည် မြစ်

www.dhammaransi.com



ရေများ အလွန်အမင်းကြီး၍ အိုးအိမ် ကျွဲနွားများ ဆုံးရှုံးပျက်စီးကြပါသဖြင့် ၁၂၉၁-ခုနှစ်၊ တပေါင်းလဆန်း ဆယ့်တရက်နေ့တွင်၊ မယ်ဒက်ကယ် ဆရာတော် ဘုရားကြီးသည် သဒ္ဒါများတို့အား ကယ်တင်ရန်၊ မယ်ဒက်ကယ် ဘုရားအနီး ကုန်းမြင့်ရာ အရပ်သို့ (မြေစိတည်)၍ ရှေးရှေ့ဘိုမြို့တည်သော ထုံးတမ်းအတိုင်း ရွာတည်၍နေစေလေ၏။ ၎င်းရွာကို အောင်ချမ်းသာရွာဟု အမည်ပေးလေသတည်း။

## ၇။ အောင်ချမ်းသာဘုရားတည်ခြင်း။

၁၂၉၂-ခုနှစ်၌ ပုပ္ပါးတောင်တွင် မဟာဗောဓိပင်နှင့် လင်းလွန်းပင်များ ပင့်ဆောင် စိုက်ပျိုး၍၊ ၎င်း တောင် ဦးဘင့်ဘယ်နတ်နန်းအနီးဘွင် အောင်ချမ်းသာဘွဲ့အမည်နှင့် စေတီတော်တဆူ၊ နှမတော်နတ်နန်း အနီးတွင် မဟာဗောဓိနှင့် စေတီတော် တဆူ တည်ထားကိုးကွယ်စေသတည်း။ ၎င်းနှစ်မှစ၍ ပုပ္ပါးမြို့သူမြို့သား-နယ်သူ နယ်သား များအား စနစ်တကျ ကဆုန်ညောင်ရေ သွန်းလောင်းပွဲ စတင်ပြုလုပ်ပေးလေသတည်း။

## ၈။ မှတ်ရန်များ။

အင်းဝ နေပြည်တော်ကို ကောဇာသက္ကရာဇ် ၇၂၆-ခု၊ သာသနာသက္ကရာဇ် ၁၉၀၈-ခု၊ တပေါင်းလမှာစ၍တည်သည်။

မယ်ဒက်နှင့် မယ်နဲ့တို့ တောင်ငူနယ်သို့ ၁၀၁၁-ခုနှစ်တွင် ရောက်သည်။

ဆရာတော်ဘုရားကြီးပညာပါရမီရသောခုနှစ် ၉၆၁-ခု၊

ဆရာတော် မယ်ဒက် ဘုရားဟောင်းသို့ ရောက်သော ခုနှစ်-၁၂၆၀။

www.dhammaransi.com



ဆရာတော်ဘုရားကြီး မယ်ဒက်စေတီ ထပ်မံ ပြင်သော ခုနှစ်- ၁၂၆၄။

ပြည်လုံးချမ်းသာရုပ်ရှင်တော်ကြီး သွင်းသော ခုနှစ်- ၁၂၇၂။

မြန်မာပြည် အရပ်ရပ်သို့ ဗောဓိပင်များ စိုက်သော ခုနှစ်- ၁၂၇၂-ခု၊ ကဆုန်လဆန်း ၁၅ ရက်နေ့။


**ဤတွင် မယ်ဒက်စေတီတော်သမိုင်း နှင့် ဆက်စပ်လျက် ရှိသော မှတ်သားချက် များ ပြီးဆုံးပါပြီ။**

---

www.dhammaransi.com

# မဟာဗောဓိစိုက်ပျိုးနည်းနှင့် ညောင်ရေတော် သွန်းနည်း အစီအစဉ်များ။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။




| သုဘဏ္ဍာ | စဉ်နက္ခတ် |
|---|---|
| ၀ | ၁၃ |
| ၁၈ | ၁ |
| ၂၇ | ၇ |

**ဇေယျတု။** ။ကောင်းမြတ်သော မဟာဗောဓိ ပရိဘောဂ စေတီတော်မြတ်ကို စိုက်ထားပူဇော် ရအံ့သော ဇေယျသိဒ္ဓိ မင်္ဂလာအခါတော် ရက်မြတ်ကား။ ကောဇာသက္ကရာဇ် ၁၃၀၁-ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက် အင်္ဂါနေ့၊ နံနက် စက်နာရီ ၈ နာရီ ၁၀ မိနစ်အချိန်တွင် အောင်မြေတော်ဥပနာရာသည်။ ၁၅ မိနစ်အချိန်တွင် စိုက်ထား ပူဇော်ရာသည်။ အောင်မြေ ဥပနာသောအခါနှင့် စိုက်ပျိုးပူဇော်သောအခါကား ၅ မိနစ် မျှသာ ကွာခြားသည်ဖြစ်၍၊ အထူးသော သတိပညာလုံ့လနှင့်ပြည့်စုံမှ သင့်ချေမည်။ ၄-ဟူးတြင်း၊ ၂-လာ နဝင်း။ နောင်လာ နောက်သားတို့ စိုက်ပျိုးပူဇော်လိုလျှင်၊ ခု,နှစ်-လ-ရက်၊ အချိန် နာရီ စန်းလဂ် ဂြိုဟ်နေများကိုသာ ကောင်းမြတ်ရာ ပြောင်းလဲ၍ အောက်ပါ အစီအစဉ်များအတိုင်းသာ စိုက်ပျိုးကုန်ရာသည်။

www.dhammaransi.com



၁။ အခါတော်မဘိုင်မီ လဆန်း ၁၄ ရက်က တင်ကြွှ၍၊ လူနာမည် အညွှန့် အစကောင်း ဆံပင်ရို၊ ပုဆိုး ဘောင်ရှည်ဝတ်၊ အင်္ကျီ၊ ဖိုအခြစ်လွှတ်၊ ဂုဏ်အသရေရှိသူကြီး ၈ ယောက်တို့ကိုလည်း စိုက်သောအခါ၌အသုံးပြုရန် အသင့်ရွေးကောက်၍ ထားရာသည့် စိုက်ရာဒေါ်နှီး ပတ်ဝန်းကျင် ဌာနများကိုလည်း မြေညှိခြင်း၊ ပေါင်းပြက် အမှိုက် သုတ်သင်ခြင်း စသည်တို့ကိုလည်း တင်ကြို ပြုပြင်၍ ထားရာသည်။

၂။ အောင်မြေတော် ဌာပနာသောအခါ အသုံးပြုရန် ဆန် ၇ စေ့၊ ပေါ ၇ စေ့၊ ပြောင်း ၇ စေ့၊ ပဲ ၇ စေ့၊ နှမ်း ၇ စေ့၊ ငွေမတ်ပေ့ တစေ့၊ ကြေးနီပိုက်ဆံ တပြား ကိုလည်း အသင့် ရှာဖွေစုဆောင်း၍ ထားရှိနှင့်ရေသည်။

၃။ မဟာဗောဓိ စိုက်ပျိုးရန် အနက် ၂-ပေခွဲ၊ အကျယ် ၂ပေခွဲရှိ တွင်းကိုလည်း သင့်လျော် ကောင်းမြတ်သော မြေရာကွက်ရပ်ကို ရွေးချယ် စီစစ်ပြီးမှ တူးထား၍၊ အထက်က မဏ္ဍပ်အမိုးနှင့်လိုးထားလျက်၊ အရပ်လေးမျက်နှာတို့၌ မုခ်ပေါက် လေးမျက်နှာနှင့် ရာဇမတ်အလုံကာရံ၍၊ မုခ်ပေါက်ဝဲယာနှင့် ရာဇမတ်လေးဒေါင့် တို့၌ ထီးဖြူတော် ၁၂ စင်း ဖြန့်ကျင်း စိုက်ထူခြင်း၊ ငှက်ပျောပင်- ကြံပင် စိုက်ခြင်း၊ ကြာ သွတ် အိုး သပြေ ပန်းစိုက် ၁၂ လုံး တည်ထားခြင်း၊ တံခွန် ကုက္ကား မခလေးဖွါး စိုက်ထားပူဇော်ခြင်း၊ အလံဖြူ, အလံနီ, အလံစိမ်းစိုက်ခြင်း၊ ရာဇမတ်တန်း တလျှောက်တို့၌ ထီး တံခွန် ကြက်လျှာ တို့ကို များစွာ စိုက်ထား ပူဇော်ခြင်း၊ ရာဇမတ်အတွင်း၌ ဆန်ပန်းပေါက်ပေါက် ကြဲမျောက် ပူဇော်ခြင်းတို့ကို ပြည့်စုံစေပြီးမှ၊ ခွေး,ကြက်,ဝက်, စသော မသန့်မရှင်း တို့နှင့် မရောယှက် စိမ့်သောငှါ မုခ်တံခါး ၄ မျက်နှာ တို့၌ အဝိတ်နှင့်ထားရာသည်။

www.dhammaransi.com



၄။ ၎င်းအနီးအပါး၌ ပရိသတ်နေလောက်အောင်မဏ္ဍပ် ၂ခု တန်သည်၊ ၃ ခုတန်သည် ထိုးထားပြီးမှ။ အနီးနေ ရပ်ရွာ များကို လည်း မဟာဗောဓိ ပရိဘောဂ စေတီတော်မြတ်ကို အတူတကွ စိုက်ထားပူဇော်လိုပါသောကြောင့်၊ သပြေပန်းစိုက် နံ့သာရေပြည့် ရေချမ်းအိုး များကို ပါနိုင် သမျှ ပါစေပြီးမှ၊ တူရိယာ အချီး အမြှောက် များကိုလည်း ပါနိုင်သမျှ ပါစေ၍၊ ကဆုန်လဆန်း ၁၅ ရက်နေ့ နံနက် ၇ နာရီ အချိန် ညောင်ရေတော် ကိုလည်း အတူ တကွ သွန်း လှူ ရ အောင် ကြွ ရောက် တော် မူ ကြ ပါ မည့် အကြောင်းကို ဘိတ်ကြားထားနှင့်ရမည်။

၅။ စည်တော်ကြီး၊ ဆိုင်း၊ နရီးဆိုင်း ရရာများ ကိုလည်း စိုက် သောအခါ၌ အသုံးပြုရန် အသင့်ခေါ်ဆောင်၍ထားရမည်။

၆။ အောင်မြေတော် ဌာပနာသော အခါ တိုက်ငယ် ဖွဲ့ရန် အကျိုးအနာလွတ်သော။ ရွှေးရောင် သံရောင် အုတ်ကောင်း အုတ် သန့် ၁၂-ပြားတို့ကိုလည်း အသင့်ရှာဖွေစုဆောင်း၍ ရှိသေ သန့် ပြန့်စွာထားရာသည်။

၇။ စိုက်သောအခါ နှင့်- ညောင်ရေတော် သွန်းသော အခါ အသုံးပြုရန်- ရွှေမှင်သုတ် ရွှေအိုးကြီး ၈- လုံး၊ ငွေအိုးငယ်- ၃၂ လုံးတို့ကိုလည်း အသင့် ရှာဖွေစုဆောင်း၍ထားရှိနှင့်ရာသည်။

၈။ အောင်မြေ ဌာပနာသောအခါ စိုက်သောအခါ ညောင် ရေတော်သွန်းသောအခါတို့၌ အသုံးပြုရန် ပေါ်တက် ၁၅ လုံး တို့ကိုလည်း အသင့် ရှာဖွေစုဆောင်း၍ ထားရှိနှင့်စေရာသည်။

၉။ စိုက်အုံသော တွင်းနှင့် မနီးမဝေးတွင် အောင်မြေတော် ဌာပနာပြီး၍ စိုက်ခါနီးသောအခါ၌ တွင်း၌ ဖို့လောင်းရန်- မြေ ကောင်း မြေညက်တစ အုတ်ကျိုး အုတ်စ တစုတို့ကို နှောစပ်ပြီးမှ

www.dhammaransi.com



စုပုံ၍ ခွေး, ဝက် စသော မသန့်မရှင်းတို့နှင့် မရော မရှက်စေရန် ရာဇမတ်အလုံကာရံ၍ထားရာသည်။

၁၀။ မြတ်စွာဘုရား ကန်တော့ပွဲ ၁၊ မဟာဗောဓိ ကန်တော့ပွဲ ၁၊ သံဃာတော် ၈ ပါး ကန်တော့ပွဲ ၈၊ သာသနာတော်စောင့်ဆိုင်ရာ ကန်တော့ပွဲ ၅၊ မြို့နယ်ဆိုင်ရာ ကန်တော့ပွဲ ၇၊ ထိုမြေနယ်ကွက်ရပ်ဆိုင်ရာ ကန်တော့ပွဲ ၁၊ ပေါင်း ကန်တော့ပွဲ ၂၃ ပွဲ တို့ကိုလည်း အနာလွတ်သော အုန်း, ငှက်ပျော အစုံတို့နှင့် တကွ၊ ကွမ်း, လဘက် အစုံပါစေ၍ အသင့်ပြင်ဆင်၍ ထားရှိနှင့်စေရမည်။ ၎င်း ကန်တော့ပွဲများ အနက်- ဘုရားပွဲ(၁)၊ မဟာဗောဓိပွဲ (၁)၊ သံဃာတော်ပွဲ(၈)၊ ဤ(၁၀)ပွဲတို့မှာ ထီး,တံခွန်ကြက်လျှာအစုံနှင့် ပေါက်ပေါက်ဆံပန်းပါစေရမည်၊ ကျန်ရှိသောနတ်ပွဲ (၁၃)ပွဲမှာ- ဘောင်းဝတ်လဲအစုံနှင့် ပန်းနံ့သာ ပါစေရမည်။ အထူးအားဖြင့်ကား- သာသနာတော်ဆိုင်ရာ (၅)ပွဲ မှာ- ထီး, တံခွန်, ကြက်လျှာ အစုံနှင့် ပေါက်ပေါက်ဆံပန်း ပါစေရမည်။

၁၁။ သံဃာတော် (၈)ပါးတို့ကိုလည်း ညဉ့်ဦးကပင်တင်ကြို၍ မစိုက်မီဖြစ်စေ၊ စိုက်ပြီးမှဖြစ်စေ၊ ပရိတ်ကြီး ၁၁ သုတ်နှင့် ဓမ္မစကြာ မဟာသမယသုတ်၊ အဋ္ဌဇေယျမင်္ဂလာ၊ မဟာဇေယျမင်္ဂလာတို့ကို မဟာဗောဓိပင်ယံ၌ ရွတ်ဘတ် ပူဇော်စေရန်၊ နံနက်- အာရုဏ်ဆွမ်းမှီ ဖြစ်စေ၊ ညရောက် ဖြစ်စေ၊ စောစော တင်ကြို၍ ရေလည်အောင်လျှောက်ထား၍ ပင့်ဆောင်ထားရမည်။

၁၂။ မဟာဗောဓိစိုက်ရာ တွင်း၏ အရှေ့တောင် အရပ် မနီးမဝေးတွင် နတ်ကွန်းတခုကို အမိုး အကာ အပိတ် နှင့် ကောင်း, မွန်စွာ ဆောက်လုပ်၍ထားရမည်။

www.dhammaransi.com



၁၃။ မစိုက်မှီ ၁၄ ရက်နေ့ ညဦးကပင် တင်ကြို၍ စိုက်ရာ အကွက်အရပ်နှင့် မဟာဗောဓိပင်ငယ်ကို ဂုဏ်တော်များနှင့် ရွတ်ဘတ်၍ ပေါက်ပေါက်ဆံပန်း ဆီမီး ရေချမ်း ပန်း နံ့သာ တို့ဖြင့် ပူဇော်ရမည်။

၁၄။ ကဆုန်လဆန်း ၁၅ ရက်နေ့ နံနက် နေအာရုဏ်တက်သော အခါ သက်သတ်လွတ် ဆွမ်းတော်ပွဲ တပွဲ၊ ကန်တော့ပွဲတပွဲ၊ ရေချမ်း တခွက်၊ ဖယောင်းတတိုင် ပူဇော်ပြီးမှ- ဘုရား ဝတ်တက် ပရိတ်မေတ္တာပို့၍ လောကပါလ သာသနာတော်စောင့် နတ် စသော သမာဒေဝ နတ်ကောင်းနတ်မြတ်တို့ကို မေတ္တာပို့သ အမျှ ပေးဝေပြီးမှ သစ္စာဓိဋ္ဌာန်ပြုရမည်မှာ မြတ်စွာဘုရားရှေ့တော်မှာ ဆောင့်ချောင့်ထိုင်၍ လက်အုပ်ချီပြီးမှ- အစိန္တေယျ အပ္ပမေယျ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တတို့နှင့်ပြည့်စုံတော်မူကုန်သော ဂင်္ဂါဝါဠု သဲလုံးစုမျှမက- အဆူဆူ ပွင့်တော် မူကုန်ကြသော မြတ်စွာဘုရားသခင်တို့၏ တန်ခိုးတေဇော် အာနုဘော်တော် အားဖြင့် ၎င်း၊ ထိုမြတ်စွာဘုရားတို့သည် လောက သုံးပါး၏ အကျိုးစီးပွါးအလို့ငှါ ကောင်းစွာ ဟောကြားတော်မူအပ်သော- မဂ်လေးတန်, ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ္တိ တည်းဟူသော ဆယ်ပါးသော တရားတော်မြတ်တို့၏ တန်ခိုး တေဇော် အာနုဘော်တော် အားဖြင့်၎င်း၊ ထိုမြတ်စွာဘုရားသခင်တို့၏ ရွှေရင်တော်နှစ်သားတော်စစ် အဖြစ်သို့ ရောက်တော်မူကုန်ပြီးသော- မဂ္ဂဋ္ဌာန် လေးယောက်၊ ဖလဋ္ဌာန် လေးယောက်၊ ဤ ရှစ်ယောက်သော ပရမတ္ထသံဃာ သမုတိသံဃာတော် အရှင်မြတ်တို့၏ တန်ခိုး တေဇော် မေတ္တာတော်အာနုဘော်တော်အားဖြင့်၎င်း၊ အကျွန်ုပ်သည် ဘဝများစွာ သံသရာ၌ များစွာဖြည့်ကျင့်ဆည်းပူးအပ်ခဲ့သမျှ ဒါန အစရှိသော ပါရမီ စာဂ စရိယတရားအပေါင်းတို့၏ တန်ခိုး တေ

www.dhammaransi.com


ဇော် အာနုဘော်အားဖြင့်ရင်း အကျွန်ုပ်သစ္စာဆိုပါမည်၊ အဆိုပါ သစ္စာတော်တွင် ပါရှိသည်အတိုင်း တည်ဘွန်းသည် ဖြစ်စေသော။ အကျွန်ုပ်သည်- ဘုရားရှင်၏ သာသနာတော် တည်ဘွန်း သမျှ- သတ္တဝါဝေနေယျတို့အား ပစ္စုပ္ပန်သံသရာချမ်းသာစီးပွါး ကြီးပွါး တိုးတက်ကြစေရန် ရည်သန်သော အားဖြင့် ဤမဟာဗောဓိ ပရိဘောဂ စေတီတော်မြတ်ကို စိုက်ထား ပူဇော်သည် မှန်ပါသည်၊ ထိုသို့မှန်သောသစ္စာစကားကြောင့် သိကြား, ဗြဟ္မာ စတုလောက ပါလာ၊ သာသနာတော်စောင့် နတ်၊ ကမ္ဘာစောင့် နတ်၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး၊ တောစောင့် နတ်၊ တောင်စောင့် နတ်၊ မြို့ စောင့်နတ်၊ ရွာစောင့်နတ်စသော သမာဒေဝနတ်အပေါင်းတို့သည် သောင်းသောင်းဖြိုးမျှ ကူညီမ၍၊ ဤမဟာဗောဓိ ပရိဘောဂစေတီ တော်မြတ်သည် သာသနာတော် ငါးထောင်ကုန်အောင် ကာလ ပတ်လုံး နတ်လူသတ္တဝါဝေနေယျာဘို့၏ ချမ်းသာစီးပွါး များအံ့ သော အကြောင်းကို ကောင်းစွာ ပြီးစေလျှက်၊ မပျက်မစီးတည် သည် ဖြစ်စေသော- အစိန္တေယျ မြတ်စွာဘုရား တန်ခိုးတော်။ အစိန္တေယျ မြတ်စွာဘုရား တန်ခိုးတော် အကျွန်ုပ် သစ္စာဆိုပါ သည်။ အဆိုပါ သစ္စာတော်တွင် ပါရှိသည်အတိုင်း- တည်ထွန်း သည် ဖြစ်စေသော။ သိကြား ဗြဟ္မာ နတ်တကာတို့ ကူညီဝိုင်း၍ မှိုင်းမတော် မူကြပါကုန်။ ၎င်း သစ္စာချုပ် စကားကို- ဘုရားမှာ ၃ ကြိမ် ရွတ်ဆိုရမည်၊ နှုတ်ထက်မရလျှင် စာနှင့်ကိုင်၍ ၃ ကြိမ် ဘတ်ရမည်။

၁၅။ ဘုရားက ပြီးလျှင်- မဟာဗောဓိပင်ငယ် မှာ ၎င်းနည်း ကန်တော့ပွဲ တပွဲ၊ ဆွမ်းတော် သက်သတ်လွတ် တပွဲ၊ ဆီမီး, ေ ချမ်း ပန်းနံ့သာတို့ဖြင့် လှူဒါန်းပူဇော်၍ ဝတ်တက် မေတ္တာပို့ မြ ပို့၍ သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များကို တိုင်တည် ဘိတ်

www.dhammaransi.com



ကြားမြဲ တိုင်တည် ဘိတ်ကြားပြီးမှ ယခင် သစ္စာချုပ် စကားကို ၃ ကြိမ်ရွတ်ဆိုရမည်။ နှုတ်ထက်ကြေညက်အောင်မရလျှင် စာနှင့်ကိုင်၍ ၃ ကြိမ်ဘတ်လေ။ အလုံးစုံ ဂုဏ်းသစ္စာခံကြီး အစီအရင်များကို နေမထွက်မီ ပြီးမြောက်အောင် အထူးသောသတိပညာလုံ့လဖြင့် စီရင်ရမည်။

၁၆။ နေထွက်လျှင် ထွက်ခြင်း- အလုံးစုံ နတ်ပွဲ ၁၃ ပွဲ တို့ကို အတီးသမားများနှင့်တကွ ကောင်းမွန်စွာ နတ်ကွန်းမှာ ကျင်းပ ပူဇော်၍ထားရှိစေပြီးမှ ဘုရားမှာ တာဝန်ခံလူကြီး စွမ်းနိုင်လောက်သူ တယောက်ယောက်ကို နိုင်လောက်အောင် အကူအညီ လူများနှင့် တကွ အရေး လွဲအပ်ထားပြီးမှ အလုံးစုံသော နတ်များကို ဘိတ်ကြားတိုင်တည်ရမည်မှာ-

သာသနာငါးထောင် စီးပွါးဆောင်သည် အောင်သော နတ်များ အပေါင်းတို့။ အရှင်ကောင်းတို့နှင့်တကွ နှစ်ပေါင်းရှည်ကြာ သာသနာတော်တည်ထွန်းသမျှကာလပတ်လုံး နတ်လူအပေါင်းတို့အား ပစ္စုပ္ပန် သံသရာ ချမ်းသာ စီးပွါး ကြီးပွါး တိုးတက်ရစ်ကြစေရန် ရည်သန်သောအားဖြင့် ဤမဟာဗောဓိ ပရိဘောဂစေတီတော်မြတ်ကို အတူတကွ စိုက်ထား ပူဇော်လိုပါသောကြောင့်။ ပွဲစုံပူဇော်ကျင်းပ၍ ဘိတ်ကြား ပင့်ခေါ်ပါသည်၊ ကြားကြားသမျှသော အရှင်ကောင်းတို့သည် နှစ်ပေါင်းရှည်ကြာ သာသနာတော်တည်ထွန်းသမျှ ကာလပတ်လုံး နတ်လူအပေါင်းတို့အား ပစ္စုပ္ပန် သံသရာ ချမ်းသာ စီးပွါး ကြီးပွါး တိုးတက်လောက်အောင် ရွက်ဆောင် စောင့်ရှောက် ချီးမြှောက်ခြင်းငှါ စွမ်းနိုင်လောက်သော အထက် အထက် ကြီးကဲသော အရှင်သခင်ကြီးများကို အဆင့်အဆင့် ရှာဖွေဘိတ်ကြား ပင့်ဆောင်တော်မူခဲ့ကြပြီးမှ အတူတကွ စိုက်ပျိုးပူဇော်တော်မူခဲ့ကြပြီး၍။ ပစ္စုပ္ပန်သံသရာ ချမ်းသာ စီးပွါး

www.dhammaransi.com


ကြီးပွါး တိုးတက် နိုင်လောက်အောင်- ကြံဆောင် ချီးမြှောက် စောင့်ရှောက် ကူညီတော်မူကြပါမည့် အကြောင်းကို- သူတော်ကောင်း တို့၏ ဝတ္တရားဖြင့် ဘိတ်ကြား ပင့်ခေါ်ပါသည်၊ သမ္မာအယူ စင်ဖြူခိဋ္ဌာန် နိဗ္ဗာန်လိုလား အိုနတ်များတို့၊ ၎င်း စာတမ်းကို နှုတ်ထက်ရအောင်ကျက်၍ ပြတ်သားစွာ ရွတ်ဆိုရမည်၊ နှုတ်ထက်မရနိုင်လျှင် စာနှင့်ကိုင်၍ ပြတ်သားစွာ နတ်ကွန်းမှာ ဘတ်ရမည်၊ ဆုံးသောအခါ အတီးဆိုင်းက နတ်ဒိုးကို ကောက်၍ တီးစေရမည်။ ဤအစီအရင်များကို နံနက် ၇ နာရီမထိုးမီခင် ပြီးမြောက်အောင် စီရင်ရမည်။

၁၇။ ၎င်းကိစ္စပြီးလျှင်- အလုံးစုံ ပရိသတ်များနှင့် အတီးဆိုင်းများပါ ပါလာသမျှ နံ့သာရေပြည့် ရေချမ်းအိုးတို့ပါဘိတ်ကြား၍ မဟာဗောဓိပရိဘောဂစေတီတော်မြတ်ကို ရှေးဦးကရွေးကောက်၍ ထားသော လူကြီး ၈ ယောက်တို့နှင့်တကွ စိုက်ရာတွင်း၏အနီးရာဇမတ်အတွင်းသို့ ဗောဓိကန်တော့ပွဲ သံဃာတော် ကန်တော့ပွဲများနှင့်တကွ ပင့်ဆောင်၍ စိုက်ရာတွင်း၏ အနီး ၃ ဂိုက်ဒေါင့်က မဟာဗောဓိရွှေအိုးကို ကန်တော့ပွဲ တပွဲနှင့်တကွ စားပွဲနှင့်တင်၍ ထားရမည်။ ကြွင်းသော သံဃာတော် ကန်တော့ပွဲများမှာ- ၎င်းအနီး၌ပင် သင့်တင့်အောင်ထားရမည်။

၁၈။ ယခင် စီရင်ထားသော ရွှေအိုးကြီး ၈ လုံးတို့ကို တွင်း၏အနီး ရှေ့ဖျား ၈- မျက်နှာက နံ့သာရေ ပြည့်စေ၍ ဂြိုဟ်စဉ်အတိုင်း ထားရမည်။ သည်နောက်က ရွှေအိုးငယ် ၃၂ လုံး တို့ကို နံ့သာရေပြည့်စေ၍ သပြေပန်းစိုက်ပြီးမှထားရမည်။ သည်နောက်ကမှ- ပါလာသမျှ နံ့သာရေပြည့် သပြေပန်းစိုက် ပါလာသမျှ ရေချမ်းအိုးတို့ကို ဝန်းရံ၍ထားရမည်။ လူ့ လှည်း သွားလာနိုင်လောက်အောင် လမ်းကိုလည်း ထားရှိရမည်။

www.dhammaransi.com



၁၉။ ပြီးမှ စိုက်ရာတွင်းထဲ၌ အောက်က သဲခင်း၊ သည်အပေါ်က ပေါက်ပေါက်ဆံပန်းကြဲပြီးမှ အုတ်နံ့လှည့်၊ အောက်က အုတ် ၂ ပြားခင်းပြီးမှ သည်အပေါ်က ဥဒ္ဒပနာတိုက်ငယ်လုပ်၍ ရွေးရ လူကြီး ၈ ယောက်တို့တွင်- အရည်အခြင်း နှင့် ပြည့်စုံသော သူ တယောက်ယောက်ကို အောင်မြေတော်ပုလင်းကို ပေး၍ အရေး လွဲအပ်ပြီးမှ အခါတော် နာရီကျ၍ ပေါ်တက်သံ ၅ ချက် ဆင့် အချက်ပေးလျှင် ဥဒ္ဒပနာ တိုက်တွင်းသို့ ထည့်သွင်း ဥဒ္ဒပနာလိုက် ရန် လက် နှစ်ဘက်ဖြင့် အောင်မြေတော်ပုလင်းကို မြှောက်ချီ ကိုင် တွယ်၍ အခါတော်ကို စောင့်စေ။

၂၀။ ဆံ ၇ စေ့၊ စပါး ၇ စေ့ စသော ပစ္စည်းများကိုလည်း ယခင် ရွေးရ လူကြီး ၈ ယောက်တို့တွင် အရည်အခြင်းနှင့် ပြည့်စုံ သူ တယောက်ယောက်ကို အရေးလွဲအပ်ပြီးမှ အခါတော် နာရီကျ ၍ အောင်မြေတော် ပုလင်းထည့်၍ ပြီးလျှင် ပြီးခြင်း ပြည်သူ လူ အပေါင်းတို့အား ရတနာရွှေ ငွေ ဆံရေ စပါး ပြောင်း ပဲ စသည် ပေါများ ပါစေသားဟု ဆို၍ ဥဒ္ဒပနာ တိုက်တွင်းသို့ ထည့်သွင်း ဥဒ္ဒပနာ လိုက်စေရန် ခွက်နှင့် ထည့်ပြီးမှ- လက် နှစ်ဘက်ဖြင့် မြှောက်ချီ ကိုင်တွယ်ခါ ကျလတန့်သော အခါတော်ကို ငန့်မြော် စောင့်လင့်စေရန်။

၂၁။ မဟာဗောဓိရွှေအိုးကိုလည်း ကစင့်ကရဲ မသွားရအောင် အသာအသာ အခွံခွါ၍ အခွံကိုပြန်ကပ်ပြီးမှ ကြိုးနှင့် တဲထား ရမည်။

၂၂။ ဘိသိက်သွန်းသမားကလည်း ခရုမှာ အမွှေး နံ့ သာရေ ပြည့်စေ၍ သပြေ,မြေဇာ စိုက်ပြီးမှ ခရုကို လက်နှစ်ဘက်ဖြင့် ကိုင် ၍ မဟာဗောဓိ စိုက်ပြီးလျှင်ပြီးခြင်း ဘိသိက်သွန်းရန် အခါတော် ကို ငန့်မြော်စောင့်လင့်ရာသည်။

www.dhammaransi.com



၂၃။ ပေါ်တက်သံ အချက်ပေး သမားကလည်း အခါတော် နာရီကျလျှင် ပေါ်တက်သံ ၅ ချက်ဆင့်အချက်ပေးရန် ပေါ်တက်ထုပ်များကို ကိုင်၍ ကျလတန့်သော အခါတော်ကို ငန့်မြှော် စောင့်လင့်ရာသည်။

၂၄။ ခရုမှုတ် အချက်ပေးသမားကလည်း အခါတော်နာရီ ကျလျှင် ခရုမှုတ်၍ အချက်ပေးရန် ခရုကို လက်နှစ်ဘက်ဖြင့် အသင့်ကိုင်၍ ကျလတန့်သောအခါတော်ကို ငန့်မြှော် စောင့်လင့်ရာသည်။

၂၅။ အခါတော် နာရီ စောင့်သမားကလည်း- နေ့တိုက်နာရီ မှန်မှန်နှင့် စက္ကန့် မိနစ်ကို ဒသချာစွာကြည့်ရှုပြီးမှ နံနက် ၈ နာရီ ၁၀ မိနစ် အချိန်တိုင်ရောက်လျှင် အလုံးစုံ အချက်ပေးသမားများကို နှိုးဆော်၍ အောင်မြေတော် ဌာပနာစေရန် ကျလတန့်သော အခါတော်ကို ငန့်မြှော် စောင့်လင့်စေရာသည်။

၂၆။ အလုံးစုံ အတီး ဆိုင်းသမားများကို နံနက် ၇ နာရီခွဲ အချိန်က စ၍ ရပ်စဲထားစေပြီးမှ ထီးနန်းအသုံးဖြစ်သော စည်တော်ကြီး ဆိုင်း။ နရီးဆိုင်း များကိုလည်း အခါတော် နာရီကျ၍ ပေါ်တက်သံ ၅ ချက်ဆင့် အချက်ပေးလျှင် အောင်သီချင်းကြွေးကြော်၍ အောင်စည်တော်ရွှမ်းရန် မိမိတို့၏အတီးကရိယာများကို မြှောက်ချီ ကိုင်တွယ်ခါ ကျလတန့်သောအခါတော်ကို ငန့်မြှော် စောင့်လင့်ရာသည်။

၂၇။ နံနက် ၈ နာရီ ၁၀ မိနစ်အချိန်တိုင်ရောက်၍ အောင်မြေတော် ဌာပနာရန် အချိန် တိုင်ရောက်သောအခါ အလုံးစုံ အချက်ပေး သမားများကို နှိုးဆော်၍ အောင်မြေတော် ပုလင်းကို ထည့်သွင်း ဌာပနာလိုက်စေရန်။

၂၈။ အောင်မြေတော် ဌာပနာတိုက် အတွင်းသို့ ရောက်လျှင်

www.dhammaransi.com



ရောက်ခြင်း ဆံ ၇ စေ့- စပါး ၇ စေ့ စသည်တို့ကိုလည်း ပြည်သူ အပေါင်းတို့အား ရတနာ ရွှေ ငွေ ဆံရေစပါး ပြောင်း ပဲ စသည် ပေါများပါစေသား ဆို၍ ဥာပနာတိုက်တွင်းသို့ အဆောတလျင် ထည့်သွင်းဌာပနာလိုက်စေရန်။

၂၉။ ၎င်းစုထည့်သွင်းပြီးလျှင် ဌာပနာတိုက်ကို အဆောတလျင် ပိတ်၍ရှေးဦးက စပ်နှော ကာရံ၍ထားသော အုတ်ကျိုး အုတ်စနှင့် မြေကောင်း မြေညက်များကို ရုတ်တရက် လူအများနှင့် ဝိုင်းဝန်း ပြီးမှ၊ တွင်းပြည့်၍ မို့မို့မောက်မောက် ရှိအောင် အမြန် ဖို့စေ၍ မြေပုံထိပ်က တွင်းငယ်ရက်၍ ရှေးဦးက ရွေးထားသော လူကြီး ၈ ယောက်တို့နှင့်တကွကြပ်မတ်၍ နံနက် ၈ နာရီ ၁၅ မိနစ်အချိန် တိုင်ရောက်သောအခါ- ပေါ်တက်သံ ၅ ချက်ဆင့် အချက်ပေး၍ အောင်သီချင်း ကြွေးကြော်၍ အောင်စည်တော် ရွှမ်းပြီးမှ မဟာ ဗောဓိ ရွှေအိုးအခွံများကို ပယ်ရှား၍ စိုက်ထားပူဇော်စေရန်။

၃၀။ အောင်မြေဌာပနာသောအခါနှင့်စိုက်သောအခါ ၅မိနစ် မျှသာကွာခြားလျက် အလွန် နီးကပ်လှသောကြောင့် ရှေးဦးက ကြိုတင်၍ လူအများကိုစီးကြပ်စီစဉ်၍ထားပြီးမှ အထူးသော သတိ ပညာလုံ့လဖြင့် ကြပ်မနှိုးဆော်၍- အခါတော်နာရီကို မတိမ်း စေရအောင် ရွက်ဆောင် အားထုတ်မှ သာလျှင်- သင့်လျော်မည် ဖြစ်ကြောင်း။

၃၁။ ၎င်းမဟာဗောဓိ စိုက်ပြီးလျှင်ပြီးခြင်း ဘိသိက်သွန်းသမား က ၁ နွေဒေါင့်ကစ၍ ၈ မျက်နှာဂြိုဟ်စဉ်အတိုင်း ခရုနှင့် တမျက် နှာ တခေါက်စီ စိန္တာမဏိ ၂ ပုဒ်ကို ရွတ်၍ ဘိသိက် သွန်းစေရ မည်။

စည်တော်ကြီးဆိုင်း နရီးဆိုင်းသမားများက အောင်မြေ ဌာ ပနာသောအခါ စိုက်သောအခါများ၌ အောင်စည်တော် ၂ ပိုက်

www.dhammaransi.com



ကို ရွမ်းစေ။ ဘိသိက်သွန်းသောအခါ၌ ဘိသိက်သီချင်းကိုတီးမှုတ်စေ။ ၎င်းမဟာဗောဓိစိုက်သောပွဲ ညောင်ရေတော်သွန်းလောင်းပွဲ များ၌ အလုံးစုံ တူရိယာနှင့်ဆိုင်ရာ သဘင်နှင့်ဆိုင်ရာ လူတို့ကို နိမိတ်မင်္ဂလာ မပါမရှိသော အသုံးအနှုန်းများကို မသုံးမနှုန်းကြစေနှင့်။ နိမိတ်မင်္ဂလာ ကောင်းမြတ်ရာ အသုံးအနှုန်း များကိုသာ အသုံးပြုကြစေရမည်။

၎င်း ဘိသိက်သွန်းပြီးသောအခါ အလုံးစုံ အတီးဆိုင်းများကို ရပ်စဲစေ၍ သံဃာများကိုပင့်၍ ရှေးဦးက အစီအစဉ် အတိုင်း စွမ်းနိုင်သမျှ အချိန်ရသလောက်တို့ဖြင့် ရွတ်ဘတ်ပူဇော်စေရမည်။

## ညောင်ရေတော် သွန်းလှူရန်- အစီအစဉ် အခမ်းအနားများ

၃၂။ ရှေးဦးစွာ ရောက်လာသမျှ ပရိသတ်များအား သံဃာတော်များကို ကန်တော့စေ၍ ငါးပါးသီလ ဆောက်တည်စေရမည်။

၃၃။ ပြီးမှ ညောင်ရေတော်ရေချမ်းကပ် ၇ ဂါထာကို နှုတ်တိုက် တိုင်ပြီးမှ ပါလာသမျှပရိသတ် တို့အား မဟာဗောဓိ ကို လက်အုပ်ချီ၍ ညောင်ရေတော် ရေချမ်း ကပ်စေရမည်။

၃၄။ **ရေချမ်းကပ်ရန် ၇ ဂါထာ။** ဝိသာခါပုဏ္ဏမာသိယံ အမှာကံ ဘဂဝါ နာထော ဥပ္ပါဒေန္တော သုဝိမ္ဟယံ မာတုဂဗ္ဘာသုဇာတော သိ။

အမှာကံ၊ ငါတို့၏။ နာထော၊ ကိုးကွယ်ရာ ဖြစ်တော်မူသော ဘဂဝါ၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ ဝိသာခါပုဏ္ဏမာသိယံ၊ ကဆုန်လပြည့် မြတ်သောနေ့

www.dhammaransi.com



၌။ ဒဟသဟာယိ လောကဓါတုံ၊ တသောင်းသော လောကဓါတ်ကို။ သုဝိမ္ပယံ၊ အံ့ဘွယ်သူရဲ ထူးကဲသော နိမိတ်အပေါင်းကို။ ဥပ္ပါဒေန္တော၊ ဖြစ်စေလျက်။ မာတုဂဗ္ဘာ၊ မယ်တော်ဝမ်းမှ။ သုဇာတော၊ ကောင်းစွာ ဘွားမြင်တော်မူသည်။ အသိ၊ ဖြစ်ပြီ။

၃၅။ **အယဥ္စမဟာဗောဓိပိ ဒိနသေဋ္ဌဝတာဒိသေ အတိမဇ္ဈေ ပဒေသေဝ သမုပ္ပန္နောမဟီတလေ။**

အယဥ္စ မဟာဗောဓိပိ၊ ဤ မဟာဗောဓိပင်မင်းသည် လည်း၊ တာဒိသေ၊ ထိုသို့ ရှုအပ် ထူးမြတ်သော သဘောရှိသော။ ဒိနသေဋ္ဌဝ၊ ကဆုန်လပြည့် မြတ်သောနေ့၌ သာလျှင်။ မဟီတလေ၊ မြေအပြင်၌။ အတိမဇ္ဈေ၊ ဗဟိုနယ်ချက် အလယ်ထက် အလယ်ဖြစ်သော။ ပဒေသေဝ၊ မြေတွင် မြေမြတ် ဒေသရပ်၌သာလျှင်။ သမုပ္ပန္နော၊ ကောင်းစွာ ဖြစ်ထွန်းပေါ်ပေါက်လာပေ၏။

၃၆။ **တိဿံယေဝ ပုဏ္ဏမာယံ မဟာဗောဓိ ရုက္ခမူလေ ဝိဓံသေန မာရသေနံ လောကဓါတုံသမ္ပကမ္ပိ။**

နာထော၊ သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ တိဿံယေဝ ပုဏ္ဏမာယံ၊ ထိုကဆုန်လပြည့် မြတ်သောနေ့၌ပင်လျှင်။ မဟာဗောဓိရုက္ခမူလေ၊ မဟာဗောဓိပင်မင်း၏ အရင်း၌။ မာရသေနံ၊ မာရ်မင်း၏ စစ်သည် အပေါင်းကို။ ဝိဓံသေန၊ ပယ်ဖျောက်တော်မူသဖြင့်။ လောကဓါတုံ၊ စကြဝဠာအပေါင်း တိုက်တသောင်း ကို။ သမ္ပကမ္ပိ၊ ကောင်းစွာ အထူးထူးအပြားပြားတုန်လှုပ်စေတော်မူပြီ။

၃၇။ **စက္ကဝါဠံ ပကမ္ပေန ဥပ္ပါဒေန္တော သမန္တာတံ သိခါပတ္တံ သယမ္ဘူတော် သမ္မာပဏ္ဏော သိသဗ္ဗညု။**

သဗ္ဗညု၊ ငါးဖြာသောဉာဏ် မြတ်ဓမ္မကို တစမကျန် အမှန်သိမြင်

www.dhammaransi.com


တော်မူပြီးဖြစ်သော မြတ်စွာဘုရားသည်။ စက္ကဝါဠံ၊ စကြာဝဠာ အပေါင်း တိုက်တသောင်းကို။ ပကမ္ပေန၊ အထူးထူးအပြားပြား ဘုန်လှုပ်စေတော်မူခြင်းဖြင့်။ သမန္တာ့တံ၊ အထူးထူး အပြားပြား များစွာသောအံ့ဘွယ်သူရဲကို။ ဥပ္ပါဒေန္တော၊ ဖြစ်စေလျက်။ သိခါ ပတ္တံ၊အထွဋ်အထိပ်သို့ရောက်သော။ သယမ္ဘုတ္တံ၊ သယမ္ဘူအစစ် ဘုရားအဖြစ်သို့။သမ္မာ၊ ကောင်းစွာ။ ပတ္တော၊ ရောက်တော်မူသည် အသိ၊ ဖြစ်တော်မူပြီ။

၃၇။ **တဗ္ဗေဝ သတ္တ ဒိဝသေ သမ္မာပတ္တာန ဗုဒ္ဓတ္တံ သာဝကေဟိ အသဒိသော သမာပတ္တိံ သမာပဇ္ဇိ။**

ဘဂဝါ၊ မြတ်စွာဘုရားသည်။ သမ္မာ၊ ကောင်းစွာ။ ဗုဒ္ဓတ္တံ၊ ဘုရားအဖြစ်သို့။ ပတွာ၊ ရောက်တော်မူပြီး၍။ တဗ္ဗေဝ၊ ထိုမဟာ ဗောဓိပင်ရင်း၌သာလျှင်။ သာဝကေဟိ၊ ရဟန္တာ သာဝကတို့နှင့် အသဒိသော၊ မတူသော။ သမာပတ္တံ၊ ရှစ်ပါးသော သမာပတ်ကို သမာပဇ္ဇိ၊ ကောင်းစွာဝင်စားတော်မူပြီ။

၃၉။ **တိလောကဂ္ဂဥ္စတံဗုဒ္ဓံ ဇိနဋ္ဌာနဥ္စ တံဗောဓိံ ဣမေဟိ ပုပ္ဖဝါရိဟိ ပူဇေမ သဒ္ဓသမ္ပယုတ္တာ။**

တိလောကဂ္ဂံ၊ ဗြဟ္မာ နတ် လူ သုံးဘုံသူတို့ထက် မြတ်တော် မူထသော။ တံဗုဒ္ဓဥ္စ၊ ထိုမြတ်စွာဘုရားကိုငှင်း။ ဇိနဋ္ဌာနံ၊ မာရ် ငါးပါးကို အောင်မြင်တော်မူရာ ဌာနဖြစ်သော။ တံဗောဓိဥ္စ၊ ထို မဟာဗောဓိ ပရိဘောဂစေတီတော်မြတ်ကိုငှင်း။ ဣမေဟိ ပုပ္ဖဝါရိ ဟိ၊ ဤပန်းရေချမ်းတို့ဖြင့်။ သဒ္ဓသမ္ပယုတ္တာ၊ သဒ္ဓါတရားနှင့် ပြည့် စုံ ကုန်သော။ မယံ၊ ကျွန်ုပ်တို့သည်။ ပူဇေမ၊ ပူဇော်ပါကုန်၏။

၄၀။ **ပုညေနေတေန နိဗ္ဗာနံ မယံ ပါပေပါမ မုတ္တမံ ယာဝမပတ္တာ မုဏ္ဍသံ သဗ္ဗိဿ ဝိတံဒဒေဇ ယံ။**

မယံ၊ အကျွန်ုပ်တို့သည်။ ဧတေန ပုညေန၊ ထိုသို့ပြုရ မြတ်ပုည

www.dhammaransi.com



ကြောင့်။ ဥတ္တမံ၊ မြတ်လှစွာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပါပေါမ ရောက်ရပါလိုကုန်၏။ ယာဝ၊အကြင်မျှလောက်။ နိဗ္ဗာနံ၊ နိဗ္ဗာန် သို့။ အပတ္တံ အပတ္တာနိ၊ မရောက်ရပါကုန်သေး။ တာဝ၊ ထိုမျှ လောက်။ ဥက္ကံသံ၊ လွန်ကဲ ထူးမြတ်သော။ သဗ္ဗိစ္ဆိတံ၊ အလုံးစုံ အလိုရှိအပ် တောင့်တအပ်သော။ ဇယံ၊ လိုရာ ပြည့်ကြောင်း- အောင်ဆု အပေါင်းကို။ ဒဒေ၊ လျှင်စွာမနှေး ပေးတော်မူပါစေ သတည်း။

ဤ ၇ ဂါထာ ပါဠိအနက် ဖြင့်၊ ပါလာသမျှ ပရိသတ်တို့ကို မဟာဗောဓိရှိရာသို့ လက်အုပ်ချီစေ၍ နှုတ်တိုက်တိုင်ပြီးမှ ညောင် ရေတော် ရေချမ်းကပ်စေရမည်။

၄၀။ ပြီးမှ ရှေးဦးက ရွေးထားသော လူကြီး ၈ ယောက် တို့ ကို။ ၈ မျက်နှာရှိ- နံ့သာရေပြည့် သပြေပန်းစိုက် ရွှေအိုးကြီး ၈ လုံးတို့ကို မဟာဗောဓိရှိရာသို့ မျက်နှာမူလျက် တလုံးစီ လက် နှစ်ဘက်ဖြင့် မြှောက်ချီစေလျက်။ ကျန် လူအပေါင်းတို့ကိုလည်း မဟာဗောဓိ ရှိရာသို့ မျက်နှာမူလျက် လက်အုပ်ချီ၍ နေစေပြီးမှ။ ဒုက္ခပတ္တာစနိဒုက္ခာ မေတ္တာပို့ ဂါထာကို ပါဠိ အနက် ၃ ခေါက် စီ အညီအညွတ် နှုတ်တိုက်တိုင်၍ မေတ္တာပို့စေရမည်။

ဒုက္ခပတ္တာစ နိဒ္ဒုက္ခာ၊ ဘယပတ္တာစ နိဗ္ဘယာ၊ သောက ပတ္တာစ နိဿောကာ ဟောန္တု၊ သဗ္ဗေပိ ပါဏိနော။ ။

**အနက်**—သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဒုက္ခပတ္တာ ဆင်းရဲခြင်းသို့ ရောက်ကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ နိဒ္ဒုက္ခာ၊ ဆင်းရဲခြင်း မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။ သဗ္ဗေပိ အလုံးစုံလည်းဖြစ်ကုန်သော။ ဘယပတ္တာ ဘေးဥပါဒ်နှိပ်စက်ခြင်းသို့ရောက်ကုန်သော။ ပါဏိနော၊ သတ္တဝါ

www.dhammaransi.com



တို့သည်။ နိဗ္ဗာယာ၊ ဘေး မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါ စေကုန်သတည်း။ သဗ္ဗေ ပိ၊ အလုံးစုံလည်း ဖြစ်ကုန် သော။ သောကပတ္တာ၊ စိုးရိမ်ခြင်းသို့ရောက်ကုန်သော ပါဏိနော၊သတ္တဝါ တို့သည်။ နိသောကာ၊ စိုးရိမ်ခြင်း မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဤမင်းမေတ္တာပို့ ပါဠိအနက်ကို ၃ ခေါက်စီ နှုတ်ဘိုက် တိုင်၍ ဆိုးလျှင်ဆိုးခြင်း မင်းကရောဇ်တို့ ဘိသိက်ခံသောအခါ အမြောက် သံ ၅ ချက်ဆင့် အချက်ပေးသကဲ့သို့။ ပေါ်တက်သံ ၅ ချက်ဆင့် အချက်ပေးစေ၍ ရှေ့ဖျားက ထားသော ရွှေအိုးကြီး ၈ လုံး တို့ တွင် ၁ နွေ ဒေါင့် ရွှေအိုးကစ၍ ဂြိုဟ်စဉ် အဘိုင်း စည်တော်ကြီး ဆိုင်း နရီးဆိုင်းသခားများကိုလည်း အောင်သီချင်းကြွေးကြော်၍ အောင်စည်တော် ရွှမ်းစေလျှက် ၈ မျက်နှာ လက်ျာရစ် လည်၍ သွန်းစေရာသည်။ ဤရွှေအိုးကြီး ၈ လုံးကို သွန်းပြီးမှ အခြား သော ညောင်ရေဒတော်အိုးများနှင့် ရွှေအိုးငယ်များကို သွန်းစေရာ သည်။ တိုင်းကားပြည်ရွာသာသနာတော်စည်ပင်ပြန့်ပွါးစေတတ်၏ အပြစ်ခပ်သိမ်းပျောက်၍ အကျိုးခပ်သိမ်း ရောက်စေတတ်၏။

## မဟာဇေယျ မင်္ဂလာ ပါဠိ။

၄၁။ ဇယန္တော ဗောဓိယာမူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော၊
ဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ၊
ပရာဇိတပလ္လင်္ကေ၊ သီသေပုထုဝိပုက္ခလေ၊
ဘိသေကေ သဗ္ဗ ဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ၊
နက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ၊
ခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု၊
ဒက္ခိဏံ ကာယကမ္မံ ဝါစာကမ္မံ ပဒက္ခိဏံ၊
ဒက္ခိဏံ မနောကမ္မံ ပဏိဓိတေ ပဒက္ခိဏော၊

www.dhammaransi.com


ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္တေ ပဒက္ခိဏေ၊
တေ အတ္တလဒ္ဓါ သုခိတာ ဝိရုဠှာ ဗုဒ္ဓ သာသနေ၊
အရောဂါသုခိတာဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။ ။

## မဟာဇေယျမင်္ဂလာ အနက်။

သကျာနံ၊ သာကီဝင်မင်းတို့၏။ နန္ဒိဝဍ္ဎနော၊ နှစ်သက်ခြင်းကို ပွါးစေတတ်သောမြတ်စွာဘုရားသည်။ ဗောဓိယာ၊ ညောင်ဗုဒ္ဓဟေ ပင်၏။ မူလေ၊ အနီး၌ ဖြစ်သော အပရာဇိတ ပလ္လင်တော်၌။ ဇယန္တော ယထာ၊ မာရ်ငါးပါးကို အောင်မြင်တော်မူသကဲ့သို့။ ဝေမေဝ၊ ဤအတူသာလျှင်။ ဇယော၊ အောင်ခြင်းသည်။ ဟောတု ဖြစ်ပါစေသတည်း။ ဇယမင်္ဂလေ၊ ရန်ကိုအောင်ကြောင်း ကောင်း မှု မင်္ဂလာကြောင့်။ တေ၊ သင်သည်။ ဇယဿု၊ အောင်စေသတည်း။

သဗ္ဗ ဗုဒ္ဓါနံ၊ ခပ်သိမ်းသော ဘုရားရှင်တို့၏။ အဘိသေကေ၊ အဘိသိက်ခံတော်မူရာဖြစ်သော။ သီသေ၊ မြေဘို့၏အထွဋ်အထိပ် ဖြစ်သော။ အပရာဇိဘပလ္လင်္ကေ၊ အပရာဇိတ ပလ္လင်တော်၌။ အဂ္ဂပ္ပတ္တော၊ မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူသည် ဖြစ်၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပမောဒတိ၊ ဝမ်းမြောက်တော်မူ၏။ ဝေမေဝ၊ ဤအတူသာလျှင်။ အဂ္ဂပ္ပတ္တော၊ အလိုသို့ရောက်သည် ဖြစ်၍။ ပမောဒဿုံ၊ ဝမ်းမြောက်စေသတည်း။

သုနက္ခတ္တံ၊ ကောင်းသောနက္ခတ်သည်ရင်း။ သုမင်္ဂလံ၊ ကောင်း သော မင်္ဂလာသည်ရင်း။ သုပ္ပဘာတံ၊ ကောင်းသော မိုးသောက် ခြင်းသည်ရင်း။ သုဟုဋ္ဌိတံ၊ ကောင်းစွာထရခြင်းသည်ရင်း။ ဟောတု ဖြစ်စေသတည်း။ သုခဏော၊ ကောင်းသော ခဏသည်ရင်း။ သုမု ဟုတ္တောစ၊ ကောင်းသော မဟုတ်သည်ရင်း။ ဗြဟ္မစာရိသု၊ မြတ် သော အကျင့်ကို ကျင့်လေ့ရှိသော ပုဂ္ဂိုလ်တို့အား။ သုယိဋ္ဌံ၊

www.dhammaransi.com



ကောင်းစွာ ပူဇော်ခြင်းသည်ရှင်း။ ဟောတု၊ ဖြစ်စေသတည်း။

ပဒက္ခိဏံ၊ မြတ်သော။ ကာယ ကမ္မံ၊ ကာယကံသည် ရှင်း။ ပဒက္ခိဏံ၊ မြတ်သော။ ဝါစာကမ္မံ၊ ဝစီကံသည်ရှင်း။ ပဒက္ခိဏံ၊ မြတ်သော။ မနောကမ္မံ၊ မနောကံသည်ရှင်း။ ပဒက္ခိဏော၊ မြတ်သော။ ကာယကံ,ဝစီကံ,မနော ကံ ၌။ ပဏိဓိ၊ ဆောက်တည်ခြင်းသည်ရှင်း။ တေ၊ သင့်အား။ ဟောတု၊ ဖြစ်စေသတည်း။

ယေသတ္တာ၊ အကြင် သတ္တဝါတို့သည်။ ပဒက္ခိဏာနိ၊ မြတ်သော ကံကို။ ကတွာန၊ ပြုကုန်၍။ ပဒက္ခိဏော၊ မြတ်ကုန်သော။ အတ္ထေ၊ အကျိုးတို့ကို။ လဘန္တိ၊ ရကုန်၏။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ အတ္ထလဒ္ဓါ၊ ကောင်းမြတ်သော အကျိုးကို ရကုန်သည် ဖြစ်၍။ သုခိဘာ၊ ချမ်းသာခြင်းသို့ ရောက်ကုန်သည် ဖြစ်၍။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ ဝိရူဠာ၊ စည်ပင်ပြန့်ပွါး များကုန်သည်ဖြစ်၍။ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ ဉာတိဘိ ဆွေမျိုးတို့နှင့်။ သဟ၊ တကွ။ အရောဂါ၊ အနာ ကင်းကုန်သည်။ သုခိတာ၊ ချမ်းသာခြင်းသို့ရောက်ကုန်သည်၊ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

ပြီး ပါ ပြီ။

www.dhammaransi.com

စာပုံနှိပ်စရာရှိလျှင် ဧယျမှာ စိတ်ချရတယ်

ဧယျစာပုံနှိပ်စက်

ဈေးလမ်း ဈေးလမ်းနှင့် ကုန်သည်ကြီးလမ်းဒေါင့်

——— တောင်ငူမြို့ ———

၁၉၀·၃၅
ပ

www.dhammaransi.com